# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၉၇)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဖွံ့ဖြိုးမှုစုံလင် ပဲခူးတိုင်းရဲ့ မြို့ရွှေကျောင်

ရွှေကျောင်မြို့နှင့် မဒေါက်မြို့အကြား ပေါင်းကူးဆက်သွယ်ပေးထားသည့် အရှည်ပေ ၁၅၀၀ ရှိ စစ်တောင်း(ရွှေကျောင်-မဒေါက်)တံတားကြီးကို ဤသို့ ထည်ဝါစွာ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း - သတင်းထောက် ပိန်းဇလုပ်သိန်းညွန့်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက် ပိန်းဇလုပ်သိန်းညွန့်

စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့် (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၈

**ပဲခူးတိုင်းက ရွှေကျောင်မြို့....။**

ရွှေကျောင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုက အသွင်သစ်၊ အမြင်သစ်ဖြင့် အရာရာသည် ပြောင်းလဲခဲ့ချေပြီ။ နေအိမ်တိုက်တာအဆောက်အအုံသစ်များ၊ ပျားပန်းခပ်မျှ သွားလာနေသည့် ယာဉ်ကြီးယာဉ်ငယ်အသွယ်သွယ်နှင့် မော်တော်ဆိုင်ကယ်၊ စက်ဘီးအဆုံး တွေ့ရသည်။ ဤသည်ကား တည်ငြိမ်အေးချမ်းခြင်းရလဒ်၊ ဖွံ့ဖြိုးခြင်း၏ အကျိုးများဖြင့် တိုးတက်ပြောင်းလဲလာသော မြင်ကွင်းအစပေတည်း။

**ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံ**

ရွှေကျောင်မြို့၏နောက်ခံသမိုင်းမှာ ကောဇာသက္ကရာဇ် ၁၁၀၀ပြည့်နှစ်၊ အင်း၀နန်းဆက် နောက်ဆုံးနန်းဆက်ဖြစ်သော ဟံသာဝတီရောက် မင်းတရားလက်ထက်တွင်

*စာမျက်နှာ ၁၀ ကော်လံ ၁* ●

ရွှေကျောင်မြို့နယ်၌ အောင်မြင်ဖြစ်ထွန်းနေသော တောင်ယာမိုးမြေပဲ စိုက်ခင်းကို ဤသို့ တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း - သတင်းထောက် ပိန်းဇလုပ်သိန်းညွန့်

**မြန်မာ့အလင်း ဆောင်းပါးအညွှန်း**

**နိုင်ငံတိုင်းလိုလို၏ ဥပဒေများတွင် တရားရုံးမထီမဲ့မြင်ပြုမှုဟူသော အမှုဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းထားကြသည်။ မှန်ကန်မျှတစွာ တရားစီရင်နိုင်ရန် တရားရုံးများကို ကာကွယ်ပေးသော ဥပဒေဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း တရားရုံးမထီမဲ့မြင်ပြုမှု(Comtemp of Court) အက်ဥပဒေရှိသည်။**

ဦးမျိုးမြင့်(ဥပဒေ)၏ ဆောင်းပါး စာ ၈ - ၉

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဇူလိုင် ၂၉ ရက်)

# ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းလက်တွဲဖော်ဆောင် ဆည်တမံများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ လင်ပန်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၆ ရက်နေ့က အဆိုပါရေလှောင်တမံ အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။ လင်ပန်းရေလှောင်တမံသည် လင်ပန်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး ရေဆင်းဧရိယာ စတုရန်းမိုင် ၁၆မိုင်ရှိသည်။ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၄၁လက်မရှိပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေဧက ပေ ၈၀၀၀ ရှိသည်။

လင်ပန်းရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် ကန့်ဘလူမြို့နယ် ထန်းကုန်းစံပြကျေးရွာမှ ကန့်ဘလူမြို့ လင်ပန်းကျေးရွာအကြား အရှည် ၁၁မိုင်ခန့်ကို မြေသားလမ်းခင်းထား၍ သွားလာရေး လွယ်ကူချောမွေ့စေခဲ့သည်။ ဆည်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်စားပင်များဖြစ်သော သရက်၊ ပိန္နဲနှင့် အရိပ်ရပင်များကိုလည်း စိုက်ပျိုးထားရှိသဖြင့် ဒေသခံပြည်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းလာမည် ဖြစ်သည်။

ယခင်က မိုးရေကိုအားပြု စိုက်ပျိုးနေကြရသော ဒေသခံပြည်သူတို့အဖို့ ယခုအခါ လင်ပန်းဆည်တမံမှ ဆည်ရေကိုအားပြုကာ စိုက်ပျိုးနိုင်ပြီး ယခင်တစ်ဧကစပါးတင်း ၇၀ ထွက်ရှိခဲ့ရာမှ ဆည်ရေရရှိခြင်းဖြင့် တစ်ဧက စပါးတင်း၁၀၀ကျော်အထိ ထွက်ရှိလာနိုင်မည်ဖြစ်သည်။

လင်ပန်းရေလှောင်တမံသည် မြေသားတမံဖြစ်ပြီး တမံအမြင့်ပေ ၄၀၊ တမံအလျားပေ ၉၈၀၀ ရှိသည်။ ဆည်ရေသောက်စနစ်တွင် တူးမြောင်းကြီးသည် ၅ဒသမ ၂၁မိုင်ရှည်ကာ လက်တံမြောင်းများမှာ ၉ဒသမ၉၂မိုင်ရှိ၍ လယ်ဧက ၂၀၀၀ အတွက် အကျိုးပြုနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရန် လမ်းများ၊ တံတားများ၊ ဆည်တမံများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အရှည်တည်တံ့စွာ အကျိုးပြုနိုင်ရေးအတွက် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အထူးအယူခံခုံရုံး တရားရုံးချုပ်(နေပြည်တော်)၌ ရုံးထိုင်

နေပြည်တော် ဇူလိုင် ၂၈

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးသက်ထွန်းတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယမန်နေ့ နံနက် ၁၀ နာရီက တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုရှစ်မှုကို စီရင်ချက် ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုသုံးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၉-၇-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ လျှပ်တစ်ပြက်
၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **ပြိုင်ကားကလေးဇက်ပါ** (အပိုင်း-၁၉)
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောရောင်စဉ်**(အပိုင်း-၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဖြေလိုက်ပါ
၂၁။ ICT သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၁၇)
၂၄။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ (အပိုင်း-၂၃)

## ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မြောက်ယမားချောင်းတံတား တည်ဆောက်ရေးစီမံကိန်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီခွဲက ပုသိမ်-မုံရွာ(ဝက်ခုတ်-မုံရွာ) လမ်းပိုင်းပေါ်ရှိ မြောက်ယမားချောင်းတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတို့က လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှု စစ်ဆေးသည်။

အဆိုပါ မြောက်ယမားချောင်းတံတားမှာ သံကူကွန်ကရစ်အုတ်မြစ်၊ သံကူကွန်ကရစ်တိုင်နှင့် အပေါ်ထည် ဘေလီသံပေါင်တို့ဖြင့် တည်ဆောက်ထားပြီး အရှည်ပေ ၁၂၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ၊ ၁၀ လက်မခွဲနှင့် ခွင့်ပြုခံနိုင်ဝန်မှာ ၃၅တန်ဖြစ်သည်။

**လုပ်ငန်းဆိုင်ရာမှာကြား**

ဆက်လက်၍ ဝန်ကြီးသည် စစ်ကိုင်းတိုင်း မုံရွာမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံးသို့ရောက်ရှိပြီး တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အင်ဂျင်နီယာများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

**စစ်ဆေး**

ထို့နောက် ဝန်ကြီးသည် မန္တလေး-မုံရွာလမ်း မိုင်တိုင်အမှတ်(၃၅/၆) နှင့် (၃၅/၂)အကြားတွင် စက်ယန္တရားများဖြင့် ယခင် ၁၈ပေအကျယ်လမ်းမှ ၂၄ပေအကျယ်လမ်း လုပ်ငန်းများဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၃၅/၁)တွင် ကျောက်စီခင်းနေမှု၊ မိုင်တိုင်အမှတ်(၃၅/၀)တွင် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ ကျိုင်းတုံနည်းပညာတက္ကသိုလ်၌ ကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၂၈**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၁ရက် မွန်းလွဲ ၂ နာရီက ကျိုင်းတုံ နည်းပညာတက္ကသိုလ်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဌေးဝင်း **(အပေါ်ပုံ)**နှင့် ယာဉ်ထိန်းရဲ တပ်ဖွဲ့ ဒုရဲမှူးအေးလွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ဗီဒီယိုဆလိုက်နှင့် ဟောပြောပြီး ပြည်နယ် ဦးစီးမှူး ဦးဌေးဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်း ပညာပေးစာစောင်များကို နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာ ဇော်မင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ထံသို့ ဖြန့်ဝေပေးအပ်ကြောင်း သိရသည်။

**(ကညန-ကျိုင်းတုံ)**

## လှူဒါန်း

ဗဟန်းမြို့နယ် အင်ကြင်းမြိုင်အိမ်ရာ ဗိုလ်ချို(၁)ရပ်ကွက် အမှတ် ၁၉ နေ ဒေါ်မြင့်မြင့်ဝင်းနှင့်မိသားစုက မိဘနှစ်ပါးအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးမောင်မောင်အောင် လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **နှောင်တဆယ်ပါး**တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဇကရီ** (အပိုင်း-၂၆)
၈:၃၀ Fashion Talk (ဒီဇိုင်နာနှင့်ဖက်ရှင်)
၉:၀၀ Sports World (Rally Car)
၉:၂၅ Industrial Talk
၉:၅၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဖက်ထုပ်ပြုတ်၊ ဝက်သားစဉ်းကော Salad )
၁၀:၀၀ ကြည်လင်သန့်ရှင်းသော စိတ်အစဉ်ဖြင့် အေးချမ်းတည်ငြိမ်မှုကို ဖွေရှာမည်
၁၀:၂၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (MODIFY Fancy & Gift)
၁၀:၄၀ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ RESOURCE CENTER မှာ
၁၁:၀၀ ဗီဒီယိုပြခန်း
၁၁:၁၅ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ)
၁၁:၂၅ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
၁၁:၃၅ ဓာတ်ပုံထဲမှ အမှတ်တရများ (စင်ဒီ၊ ကြိုးကြာတို့၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၁:၅၀ စစ်ကိုင်းဂုဏ်တင်ဆွမ်းဦးပုညရှင်
၁၂:၀၀ နယဉ်ဆန်းထွင် ပန်းအလှဆင် (နိမ့်၍ အနားနှစ်ဖက်ရှည်သော ပန်းအိုးထိုးနည်း) (ပန်းအိုးအကြီး)
၁၂:၂၀ **သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ** မိုးအောင်ရင်၊ မိုးယုစံ(ဒါရိုက်တာ- ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၁:၀၀ **နှောင်တဆယ်ပါး**တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးပန်းနာရင်ကျပ်ရောဂါ)
၃:၂၀ သုံးနားညီမျက်ဝန်းများ
၃:၄၀ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချိုသရက်သီး)
၃:၅၀ သီချင်းကောင်းကောင်းသီချင်းတောင်း
၄:၁၅ ကြည်လင်သန့်ရှင်းသောစိတ်အစဉ်ဖြင့် အေးချမ်းတည်ငြိမ်မှုကိုဖွေရှာမည်
၄:၃၀ စကားနပန်း (အကြွေးရှိတာကောင်းတယ်၊ အကြွေးမရှိတာကောင်းတယ်)
၅:၂၀ တေးဂီတအစီအစဉ်
၅:၃၀ ဗီဒီယိုပြခန်း
၅:၅၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (MODIFY Fancy & Gift)
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (စင်ဒီ၊ ကြိုးကြာတို့၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၆:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဖက်ထုပ်ပြုတ်၊ ဝက်သားစဉ်းကော Salad)
၆:၅၀ သီချင်းကောင်းကောင်းသီချင်းတောင်း
၇:၁၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးပန်းနာရင်ကျပ်ရောဂါ)
၇:၄၅ နယဉ်ဆန်းထွင်ပန်းအလှဆင် (နိမ့်၍အနားနှစ်ဖက်ရှည်သော ပန်းအိုးထိုးနည်း) (ပန်းအိုးအကြီး)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (အကြွေးရှိတာကောင်းတယ်၊ အကြွေးမရှိတာကောင်းတယ်)
၉:၁၅ နေရောင်ခြည်ရဲ့စွမ်းအား Solar Cell များ
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဇကရီ** (အပိုင်း-၂၆)
၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ် (NIGHT OF THE JUMPS) Motocycle
၁၁:၄၅ Industrial Talk
၁၂:၁၅ သုံးနားညီမျက်ဝန်းများ
၁၂:၃၀ ချမ်းမြေ့စေတာချမ်းမြေ့မှာ ထာဝရရိပ်သာ
၁၂:၅၀ နေရောင်ခြည်ရဲ့စွမ်းအား Solar Cell များ
၁:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## လယ်ယာ/ဆည်မြောင်း ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား

## အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အမှုဆောင် အတွင်းရေးမှူးချုပ်နှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အမှုဆောင် အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer နှင့်အဖွဲ့သည် ဇူလိုင် ၂၇ရက် မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်း၊ ဌာနများမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## စီမံ/စီးပွား ဝန်ကြီးဦးစိုးသာအား

## အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အမှုဆောင် အတွင်းရေးမှူးချုပ်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၈**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာအား ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အမှုဆောင် အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer သည် ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကုန်သည်/စက်မှုအသင်းချုပ်နှင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသမှ ကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်များအား အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ဒေသရှိ North East Federation on International Trade(NEFIT) မှ Working President, Mr. Bijoy Phangcho ခေါင်းဆောင်၍ အဖွဲ့ဝင်လေးဦးတို့ပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အသင်းချုပ်ရုံးသို့လာရောက်၍ နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူအဆင်ပြေမှုရှိပါက ပို့ကုန်သွင်းကုန်လုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအထိ ဆောင်ရွက်နိုင်မည့်ကိစ္စနှင့် စီးပွားရေးဆောင်ရွက်မှုလုပ်ငန်းများကို ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေးကိစ္စတို့ကို ရင်းနှီးစွာတွေ့ဆုံဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

**နားလည်မှုစာချွန်လွှာ**

ဆွေးနွေးပွဲအပြီးတွင် UMFCCI နှင့် NEFIT တို့အကြား စီးပွားကုန်သွယ်ရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာကို နှစ်ဖက်သောဥက္ကဋ္ဌများက ရေးထိုးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အိမ်မဲမြို့ မြို့မဈေး သန့်ရှင်းရေးဆောင်ရွက်

**အိမ်မဲ ဇူလိုင် ၂၈**

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ခြင်၊ ယင်များ ကင်းရှင်းစေရေးအတွက် သား၊ ငါးတန်းနှင့် ကုန်စိမ်းများတွင် ထုံးဖျန်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းကို ဇွန် ၂၈ရက်က ဈေးတာဝန်ခံ ဒေါ်သွယ်ဇာလွင်နှင့် ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးလွင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

**ဥတုရာသီ တောကိုမှီ၍**

## မြန်မာ့ဆန်ဈေးကွက် သုံးသပ်ချက်ဆောင်းပါးပါရှိသည့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဇူလိုင် ၂၈**

**"မြန်မာ့ဆန် ပြည်ပဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေး ဘာတွေ အလေးပေးမလဲ"** စီးပွားရေးလုပ်ငန်းရှင်များ၊ စပါးစိုက်တောင်သူများ၏ သုံးသပ်ချက်များပါသည့် မျက်နှာဖုံးဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောနေသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ် (၂၉)ထွက်ရှိလာသည်။

ယင်းအပြင် ဆရာဦးကိုကိုလှိုင်၏ နိုင်ငံရေးနှင့် အတွေးအခေါ်သဘောတရား၊ မြန်မာနိုင်ငံ၌ ဆူနာမီလျှင်ဖြစ်မည်ဟူသည့် ပညာရှင်အချို့၏ ခန့်မှန်းတွက်ချက်မှုမှာ ဖြစ်နိုင်ခြေမရှိဟုဆို၊ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်း ကန်ပိုက်တီး မကြာမီ ပြန်လည်ဖွင့်လှစ်မည်၊ မန္တလေးတွင် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ မြို့ပြင်ထုတ်ပြီ၊ သဘာဝဘေးအန္တရာယ် ပညာပေးမှု အရှိန်မြှင့်ရန် ကျေးရွာ ၅၀ ဦးစားပေးရွေးချယ်ထား၊ ဈေးကွက်အတွင်းမှ ဆေးဝါးငါးမျိုး ရောင်းချခွင့်ပိတ်၊ ကားများမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရန် ထုံးရည်ကြည် အသုံးပြုနိုင်၊ မှုခင်းရေးရာသတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"သွေးလှူခြင်းနှင့် ဒါနကုသိုလ်"** အကြောင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ **"ဝန်ထမ်းသစ်ကို ဘယ်လိုပုံစံနဲ့ရွေးချယ်မလဲ"**၊ **"မြန်မာနိုင်ငံသူ ဘောလီဝုဒ်စတားလိုင်နာနှင့်တွေ့ဆုံခြင်း"** ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အိုဘားမားအစိုးရအဖွဲ့ အာရှနှင့်ဆက်ဆံရေး ပြန်လည်မြှင့်တင်မည်၊ ခန္ဓာကိုယ်အစိတ်အပိုင်း အစားထိုးကုသသည့် ခရီးသွားများ ဖိလစ်ပိုင်ပိတ်ပင်ထားမှု အောင်မြင်၊ ချမ်းသာသောနိုင်ငံများက လူတုပ်ကွေးကာကွယ်ဆေး လက်ဝါးကြီးအုပ်၊ အင်ဒိုနီးရှားတွင် အယ်နီညိုကျရောက်နိုင်ပြီး စပါးစိုက်ကွင်းများ အန္တရာယ်ဖြစ်နိုင်၊ မွေးဖွားသည့်ကလေးများပေးမိသည့်အတွက် ဆေးရုံက မိခင်ဖြစ်သူအား လျော်ကြေးပေးရ၊ အမေရိကန်စီးပွားရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်၊ **"ဗြိတိန်တွင် နေထိုင်ခွင့်ရရှိရန် လိမ်ညာလက်ထပ်သည့် နိုင်ငံခြားသားများ အဖမ်းခံရ"** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့က ဒီလိုတဲ့"** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

## အရက္ခဦး သမဝါယမအသင်းလီမိတက်စည်းဝေး

**လားရှိုး ဇူလိုင် ၂၈**

လားရှိုးမြို့နယ် အရက္ခဦး အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင်၁၂ရက် နံနက်၉နာရီက အရက္ခဦးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးငြိမ်းမောင်ကဆောင်ရွက်ပြီး အသင်း၏အမှုဆောင် အစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူသည်။

အစည်းအဝေးတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းထွဋ်မိုး၊ ဦးစီးအရာရှိ ဒေါ်အယ်နီကိုင်ဖ **(အပေါ်ပုံ)**တို့က သမဝါယမလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသားကျောင်းသူများ၏ (၂၂)ကြိမ်မြောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာတစ်ဦး၊ နှစ်ဘာသာနှစ်ဦး၊ တစ်ဘာသာငါးဦးနှင့် ရိုးရိုးအောင် ၄၀ စုစုပေါင်း ၅၀ တို့အား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အရက္ခဦး အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း၊ အာရုံတော်လူမှုရေးအသင်းတို့က ပူးပေါင်း၍ ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ပြည်သူများ ဆတက်ထမ်းပိုးအလုပ်လုပ်ကြရန် ကျူးဘားသမ္မတ ရာေလ်ကက်စထရိုတိုက်တွန်းနှိုးဆော်

ဟာဗားနား ဇူလိုင် ၂၈

**ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် စားနပ်ရိက္ခာအလုံအလောက် ဖြန့်ဖြူးမပေးနိုင်အောင်ရှိစဉ် ပြည်ပမှတင်သွင်းရမှုကို ပပျောက်သွားစေရေးအတွက် ကျူးဘားပြည်သူများအနေဖြင့် ဆတက်ထမ်းပိုးအလုပ်လုပ်ကြရန် ကျူးဘားခေါင်းဆောင် ရာေလ်ကက်စထရိုက ဇူလိုင် ၂၅ရက်တွင် တိုက်တွန်းသည်။**

လယ်ယာထွက်ကုန်မြှင့်တင်ရေးကို ကျူးဘားနိုင်ငံ၏ ဦးစားပေးလုပ်ငန်းအဖြစ် ထားရှိကြောင်း၊ ထို့ပြင် အမျိုးသားလုံခြုံရေးကိစ္စကိုလည်း အလေးထားရမည်ဖြစ်ကြောင်းကျူးဘားသမ္မတ ရာေလ်ကက်စထရိုက ကျူးဘားတော်လှန်ရေးနှစ်ပတ်လည်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# A(H1N1)ရောဂါဖြစ်ပွားသူ ဗီယက်နမ်၌ ၆၁၂ ဦးရှိ

**ဟန္နိုင်း ဇူလိုင် ၂၈**

ဗီယက်နမ်နိုင်ငံ၌ ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်ကာလတွင် A(H1N1)တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၁၃ ဦးထပ်မံတိုးလာကြောင်း၊ ယခုအခါ နိုင်ငံအတွင်း A(H1N1) တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေမှာ စုစုပေါင်း ၆၁၂ ဦးရှိသွားပြီဖြစ်ကြောင်း ဗီယက်နမ်ပြည်သူ့သတင်းစာတွင် ဇူလိုင် ၂၇ ရက်က ဖော်ပြပါရှိသည်။

**ထည့်သွင်းဖော်ပြ**

လောလောဆယ် A(H1N1)တုပ်ကွေးရောဂါ ဖြစ်ပွားသူအများစုမှာ ဗီယက်နမ်နိုင်ငံတောင်ပိုင်းဒေသမှဖြစ်ကြောင်း သတင်းစာက ထည့်သွင်းဖော်ပြထားသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

## အမှတ်တရဓာတ်ပုံရိုက်

**တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ ကျောင်းပေါင်း ၄၀မှ ကျောင်းသားကျောင်းသူများ ပြည်နယ်မီးသတ်တပ်ဖွဲ့ရုံး၌ မီးသတ်ဝတ်စုံများ ဝတ်ဆင်၍ အမှတ်တရ ဓာတ်ပုံရိုက်ကူးနေကြသည်ကို ဇူလိုင် ၂၇ရက်က တွေ့ရစဉ်။**

(အဆိုပါ ကျောင်းသားကျောင်းသူများမှာ အားလပ်ရက် ခုနစ်ရက်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ နေထိုင်ကာ လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ခဲ့ကြသည်။) **(အင်တာနက်ဓာတ်ပုံ)**

**အေဒင်ပင်လယ်ကွေ့အတွင်း တူရကီရေတပ် တပ်ဖွဲ့ဝင်များက ပင်လယ်ဓားပြငါးဦးအား ဖမ်းဆီးလာသည်ကို ဇူလိုင်၂၈ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

# ဂရိတောမီးလောင်မှု၌ ပိတ်မိနေသူ ၇၀ ကယ်ဆယ်ရေးဌာန ကူညီကယ်တင်

**အေသင် ဇူလိုင် ၂၈**

ဂရိနိုင်ငံ ဓာကင်သိုးကမ်းခြေအနီး တောမီးလောင်မှုတွင် ပိတ်မိနေသော အားလပ်ရက်အပန်းဖြေသူ ၇၀ကို ဂရိကယ်ဆယ်ရေးဌာနနှင့် မီးသတ်ဌာနက ဘေးလွတ်ရာသို့ ပို့ဆောင်ကယ်ဆယ်ပေးနိုင်ကြောင်း ကုန်သွယ်ရေးကြောင်းဝန်ကြီးဌာနက ဇူလိုင် ၂၆ရက်တွင် ကြေညာသည်။

**ထုတ်ဖော်ကြေညာ**

၄င်းဒေသတွင်း မီးခိုးလုံးကြီးများ ပိတ်နေသော်လည်း အသက်ရှူကျပ်နာမကျန်းဖြစ်မှု၊ ဒဏ်ရာရမှုပြဿနာများကိုမူ ဝန်ကြီးဌာနက ထုတ်ဖော်ကြေညာခြင်းမရှိပေ။ **အမ်အင်န်အေ၊ရိုက်တာ**

# အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

**ဘဂ္ဂဒက် ဇူလိုင် ၂၈**

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်၌ ဇူလိုင် ၂၆ရက်က အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူနှစ်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**အသေခံတိုက်ခိုက်**

ယင်းနေ့က အသုဘအခမ်းအနားတစ်ခုတွင် ဖောက်ခွဲရေးသမားသည် ၄င်း၏ကိုယ်၌ ဗုံးကပ်ကာ အသေခံတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

**အရှိန်မြှင့်လုပ်ဆောင်**

အန်ဘာပြည်နယ်ရှိ ဆွန်နီမျိုးနွယ်စုနှင့် အမေရိကန် ဆန့်ကျင်ရေး စစ်သွေးကြွများ ပူးပေါင်းကာ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

**သဘောတူ**

အီရတ်နိုင်ငံရှိ မြို့ကြီးအနှံ့အပြားမှ အမေရိကန်တပ်များ စတင်ရုပ်သိမ်းနေပြီဖြစ်ရာ ၂၀၁၁ခုနှစ်တွင် အပြီးသတ်ရုပ်သိမ်းမည်ဖြစ်ကြောင်း လုံခြုံရေးဆိုင်ရာ သဘောတူပြီးဖြစ်သည်။ **(အင်တာနက်)**

**အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ ဗုံးဖောက်ခွဲခံရပြီးနောက် ဒဏ်ရာရရှိသူတစ်ဦး ဆေးကုသမှုခံယူနေသည်ကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

# စီးပွားရေးနှင့်ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယားနှင့်စင်ကာပူ ဆွေးနွေးမည်

ဆိုးလ် ဇူလိုင် ၂၈

**တောင်ကိုရီးယားနှင့်စင်ကာပူနှစ်နိုင်ငံ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် ယခုသီတင်းပတ်အတွင်း နှစ်နိုင်ငံထိပ်တန်းအရာရှိများ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း တောင်ကိုရီးယားဘဏ္ဍာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။**

**ထည့်သွင်းဖော်ပြ**

ဆိုးလ်မြို့၌ ဇူလိုင် ၂၉ ရက်မှ စတင်ကျင်းပမည့် နှစ်ရက်ကြာအစည်းအဝေးတွင် တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ရှင်ဂျီယွန်းနှင့်စင်ကာပူဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တီယိုမင်ကီယန်တို့ တက်ရောက် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ယင်းအစည်းအဝေး၌ ပြည်တွင်းဈေးကွက်၏ အားသာမှုများ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ နည်းလမ်းသစ်များကို နှစ်နိုင်ငံမှတာဝန်ရှိပုဂ္ဂိုလ်များက အတွေ့အကြုံနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်သည်။

**(အင်တာနက်)**

# အီရန် ခရီးသည်တင် လေယာဉ်တစ်စင်း တီဟီရန်၌ အရေးပေါ်ဆင်းသက်ခဲ့ရ

တီဟီရန် ဇူလိုင် ၂၈

**အီရန်နိုင်ငံ မာဟန်ပုဂ္ဂလိက လေကြောင်းလိုင်းပိုင် အမ်ဒီ-၈၂ ခရီးသည်တင်လေယာဉ်သည် ဇူလိုင် ၂၆ရက်က အီရန်နိုင်ငံ အနောက်တောင်ပိုင်း ခူဇီဝတန်ပြည်နယ်ရှိ မက်ချ်ရှက်ဆိပ်ကမ်းမြို့သို့ထွက်ခွာရန် တီဟီရန်မြို့ မက်ချ်ရာဘတ်လေဆိပ်မှ ဒေသစံတော်ချိန် ၁၆း၃၀နာရီတွင် ပျံတက်စဉ် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သတင်း၌ဖော်ပြသည်။**

အရေးပေါ်ဆင်းသက်

ယင်းလေယာဉ်သည် စက်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါဖြစ်ရပ်တွင် လေယာဉ်မှူးသည် ခရီးသည်များအား ဘေးမသီရန်မခအောင် ထိန်းသိမ်းမောင်းနှင် ဆင်းသက်နိုင်ခဲ့ကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ (အင်တာနက်)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အနောက်တောင်ဘက် ပါလာဝန်ပြည်နယ်တွင် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်လျက်ရှိသည့် မြေအောက်မြစ်တည်ရှိရာ လိုဏ်ဂူအတွင်း ခရီးသည်များလာရောက်လေ့လာလျက်ရှိသည်ကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# အကြမ်းဖက်တိုက်ခိုက်မှုများ နိုင်ဂျီးရီးယား၌ ပိုမိုဆိုးရွားလာ

**အဘူဂျာ ဇူလိုင် ၂၈**

နိုင်ဂျီးရီးယားနိုင်ငံတွင် စစ်သွေးကြွများသည် လူ ၃၉ဦးအား ဇူလိုင် ၂၆ရက်က ပစ်ခတ်သတ်ဖြတ်ခဲ့ပြီးနောက် မြောက်ပိုင်းဒေသများရှိ ရဲတပ်ဖွဲ့စခန်းနှစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ရိုဘီပြည်နယ် ပိုတစ်ကမ်ဒေသတွင် နာရီပေါင်းများစွာကြာအောင် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

နိုင်ဂျီးရီးယားတွင် ယင်းနေ့က အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် ဘော်ချီမြို့တွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း သတင်း၌ဖော်ပြသည်။

**(အင်တာနက်)**

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

### သြစတြေးလျ မဲလ်ဘုန်းတက္ကသိုလ်၌ ဝန်ထမ်း ၂၂၀ လျှော့ချမည်

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း၏ ရိုက်ခတ်မှုကြောင့် သြစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်တွင် စေတနာ့ဝန်ထမ်း ၂၂၀ အား လျှော့ချမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

### ရုရှားတောင်ပိုင်း၌ ကားလေးစီး ဆင့်ကဲတိုက်မိ

ရုရှားနိုင်ငံတောင်ပိုင်း ဒါဂက်စတန်ဒေသတွင် ဇူလိုင် ၂၇ရက်နှောင်းပိုင်းက ကားလေးစီး ဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့ရာ ကလေးနှစ်ဦးအပါအဝင် ၁၁ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

### အာဆီယံနိုင်ငံများမှရသည့် ခရီးသွားလုပ်ငန်းဝင်ငွေ ၂၀၀၈ခုနှစ်တွင် မလေးရှား၌ ၉ဒသမ ၄ ဘီလီယံဒေါ်လာရှိ

မလေးရှားနိုင်ငံသည် လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်က အာဆီယံနိုင်ငံများမှ လာရောက်သည့် ခရီးသည်များထံမှ ဝင်ငွေ ဒေါ်လာ ၉ဒသမ၄ ဘီလီယံ ရရှိခဲ့ကြောင်း၊ ၂၀၀၇ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ၁၀ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း မလေးရှားကမ္ဘာလှည့်ခရီးသွားဝန်ကြီးဌာန အထွေထွေအတွင်းရေးမှူး အွန်ဟောင်ပင်က ပြောကြားသည်။

### ဟောင်ကောင်၌ ရွှေဈေးကျဆင်း

တရုတ်ဟောင်ကောင်ဒေသ၌ ဇူလိုင် ၂၈ရက်က အဖွင့်ဈေးမှာ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၅၀ဒသမ၃၂ဒေါ်လာသာရှိသဖြင့် ၄ဒသမ ၁၃ဒေါ်လာ ကျဆင်းသွားကြောင်း တရုတ်ရွှေနှင့် ငွေလဲလှယ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

### အေရိုဒိုင်းနမစ် ဓာတ်ခွဲခန်း တရုတ်၌ ပထမဦးဆုံးတည်ထောင်

တရုတ်နိုင်ငံသည် လေထဲ၌ ဖြတ်သန်းသော အရာဝတ္ထုပေါ်တွင် သက်ရောက်သော အားများကို လေ့လာသည့်ပညာ(အေရိုဒိုင်းနမစ်ပညာ)ဆိုင်ရာ ပထမဦးဆုံး ဓာတ်ခွဲခန်းကို တည်ထောင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

### A(H1N1) ဖြစ်ပွားသူ မလေးရှား၌ ၁၂၁၉ ဦးရှိ

မလေးရှားနိုင်ငံတွင် ဇူလိုင် ၂၈ရက်က A(H1N1) တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူ ၉၅ ဦးရှိပြီး တစ်ဦးသေဆုံးခဲ့ကြောင်း၊ ထို့ကြောင့် ယင်းနိုင်ငံတွင် အဆိုပါ ရောဂါကြောင့် သေဆုံးသူ သုံးဦးရှိပြီး ကူးစက်ဖြစ်ပွားသူ ၁၂၁၉ ဦးရှိသွားပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက အတည်ပြု သတင်းထုတ်ပြန်သည်။

### A(H1N1) ကြောင့်သေဆုံးသူ နယူးဇီလန်၌ ၁၃ ဦးရှိ

နယူးဇီလန်နိုင်ငံတွင် ဇူလိုင် ၂၈ရက်က A(H1N1)တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူ ၄၂ ဦးအနက် တစ်ဦးသေဆုံးခဲ့ကြောင်း၊ ယင်းနေ့အထိ နယူးဇီလန်နိုင်ငံတွင် အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၁၃ ဦး ရှိသွားပြီဖြစ်ပြီး ကူးစက်ဖြစ်ပွားသူ ၂၇၀၄ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

### ဝါရှင်တန်၌ ပရိဘောဂစတိုးဆိုင် မီးလောင်

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ ဘရီမာတန်အရပ်တွင် ဇူလိုင် ၂၈ရက် နံနက်ပိုင်းက ၁၉၅၀ ပြည့်နှစ်ကတည်းက တည်ထောင်ခဲ့သော အာနီးလ်အမည်ရှိ ပရိဘောဂစတိုးဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်ရခြင်း အကြောင်းရင်းကို မသိရသေးကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ (အောက်ပုံ)

## ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၂၈

*မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု **Keen Cie Health Care Services** ၏ ပံ့ပိုးကူညီမှုဖြင့် ဩဂုတ် ၁ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကိုကို(စက်မှုတက္ကသိုလ်)က ယနေ့သတင်းမီဒီယာခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။*

*(သတင်းစဉ်)*

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၈

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ၂၀၀၉ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်ထားသော အားကစားကွင်းအသီးသီးတို့၌ ဆက်လက်ကျင်းပသည်။**

### (င) အုပ်စု

နေပြည်တော် အားကစားကွင်း၌ ကျင်းပသောပွဲစဉ်တွင် (င)အုပ်စုမှ တရားရုံးချုပ်အသင်းနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသည်။

### (စ) အုပ်စု

နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း)အားကစားကွင်း၌ ကျင်းပသောပွဲစဉ်တွင် (စ)အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းက သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

နေပြည်တော်လယ်ဝေး အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (စ)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိသရေဖြစ်သွားသည်။

### (ဆ)အုပ်စု

ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီတွင် နေပြည်တော်အားကစားကွင်း၌ (ဆ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပျဉ်းမနား(ပေါင်းလောင်း) အားကစားကွင်း၌ (ဆ)အုပ်စုမှ သမဝါယမဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးအားကစားကွင်း၌ (ဇ) အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ခြင်ဆေးဖျန်းစက်ဖြင့် မြို့မဈေးအတွင်း/ အပြင်ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဦးမျိုးထွန်း (ဒုတိယဦးစီးမှူး၊ ဈေး)နှင့် ဈေးမိဈေးဖများကဆောင်ရွက်လျက်ရှိရာ ဦးသိန်းကျော်(ဦးစီးအရာရှိ)က ကြီးကြပ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

*လမ်းလျှောက်နိုင်*

*ယင်းအမျိုးသမီးစက်ရုပ်သည် ခြေလက်၊ မျက်နှာအမူအရာနှင့် စကားပြောဆိုနိုင်ပြီး အမျိုးသမီးတစ်ဦးကဲ့သို့ လမ်းလျှောက်နိုင်သည်။ လမ်းလျှောက်ရာတွင် ဖက်ရှင်ပြပွဲများ၌ မော်ဒယ်သရုပ်ပြ အမျိုးသမီးများကဲ့သို့ လမ်းလျှောက်ပြနိုင်သည်။*

*အရွယ်အစား*

*အမျိုးသမီးစက်ရုပ်သည် အမြင့် ငါးပေရှိပြီး အနက်ရောင်ဆံပင်၊ ချော့မွတ်သောမျက်နှာပြင်နှင့် မျက်လုံး၊ မျက်ခုံး၊ နှာခေါင်းနှင့် ပါးစပ်တို့မှာ သက်ရှိအမျိုးသမီးနှင့် တစ်ထပ်တည်းတူညီသည်။ အရပ်အမောင်းနှင့် ခန္ဓာကိုယ်အရွယ်အစားမှာ ဂျပန်အမျိုးသမီးတစ်ဦး၏ ပုံသဏ္ဌာန်အရွယ်အစားအတိုင်းဖြစ်သည်။ အသက် ၁၉နှစ်အရွယ်နှင့် ၂၉နှစ်အရွယ်ရှိသော ဂျပန်အမျိုးသမီးငယ်များအတိုင်း ပြုလုပ်ထားခြင်းဖြစ်သည်။*

*တပ်ဆင်ထား*

*အိတ်ချ်အာပီ-4C အမျိုးသမီး စက်ရုပ်၏ခန္ဓာကိုယ်တွင် မော်တာ ၃၀ တပ်ဆင်ထားသည်။ ခြေ၊လက်၊ လည်ပင်း၊ ပါးစပ်စသည်တို့၌ မော်တာများတပ်ဆင်ထားသည့်အပြင် မျက်နှာပြင်၌ ပြုံးနိုင်၊မဲ့နိုင်၊စကားပြောနိုင်ရန်အတွက်လည်း မော်တာများ တပ်ဆင်ထားသည်။*

*ဆောင်ရွက်နိုင်*

*ယင်းအမျိုးသမီးစက်ရုပ်သည် အိမ်မှုကိစ္စများကို ဆောင်ရွက်နိုင်ပြီး ဖုန်းလက်ခံခြင်း၊ ပြန်ပြောခြင်း၊ ကွန်ပျူတာကိုင်တွယ် အလုပ်လုပ်နိုင်ခြင်းတို့ကိုလည်း လုပ်ဆောင်နိုင်သည်။ ဈေးကွက်တွင် အမေရိကန် ဒေါ်လာနှစ်သိန်းဖြင့် ရောင်းချမည်ဟုဆိုသည်။ ။* *(အင်တာနက်)*

✻ *ကျောဖုံးမှ*

လူနာနှင့် အတူနေ မိသားစုဝင် နှစ်ဦးအား နေအိမ်၌ပင်နေစေပြီး စောင့်ကြပ်ကြည့်ရှုခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောင့်ကြပ်ကြည့်ရှု**

လူနာအမျိုးသားနှင့်အတူ စီးနင်းလိုက်ပါလာသည့် 8M-502 လေယာဉ်စီး ခရီးသည် ၉၄ ဦးအား ၎င်းတို့နေထိုင်ရာ နေရာများသို့ သက်ဆိုင်ရာက တုပ်ကွေးရောဂါလက္ခဏာ ရှိ မရှိ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရှိရသည်။

**ပြုစုစောင့်ရှောက်**

မြန်မာနိုင်ငံတွင် ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသူ ကိုးဦးရှိပြီး လေးဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှ ဆင်းပေးပြီးဖြစ်ကြောင်း၊ ကျန်လူနာ ငါးဦးကိုလည်း အထူးကုဆရာဝန်ကြီးများဖြင့် စနစ်တကျ ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**ကိုးဦး**

ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါပိုးဟု သံသယရှိသူ ၉၉ ဦးအား ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ကိုးဦးရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ သတ်မှတ်စည်းကမ်းများ လိုက်နာဆောင်ရွက်ရေး ကွင်းဆင်းစစ်ဆေးမည်

**ရန်ကုန် ဇူလိုင် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီသည် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်(၁၂)ရပ်၊ မြန်မာ့ ရုပ်ရှင်လုပ်ငန်း၏ ရည်မှန်းချက်တာဝန်(၁၁)ရပ်နှင့် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအတွက် လမ်းညွှန်ချက်(၇)ချက်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ပြည်နယ်နှင့် တိုင်း၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၊ အတွင်းရေးမှူး(လုပ်ငန်းစုမှူး)များ လိုက်နာဆောင်ရွက်ရန် လမ်းညွှန်ချက်(၈)ချက်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေ(ဗွီစီဒီ၊ ဒီဗွီဒီ)ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်းနှင့် ဗီဒီယိုပြသခြင်း(ရုံနှင့်ပြသခြင်း၊ ကာရာအိုကေခန်းမ KTV၊ လက်ဖက်ရည်ဆိုင် ဗီဒီယိုပြသခြင်း၊ စားသောက်ဆိုင်တွင် ဗီဒီယိုပြသခြင်း၊ အမျိုးသား၊ အမျိုးသမီးအလှပြင်ခန်းမ၊ အလှပြင်ဆိုင်များတွင် ဗီဒီယိုပြသခြင်း)လုပ်ငန်းများ လိုင်စင်မဲ့မရှိစေရေး၊ သက်တမ်းလွန်မရှိစေရေးနှင့် သတ်မှတ်ထားသောစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် အကြောင်းကြားထားရှိကြောင်းနှင့် ကွင်းဆင်းစစ်ဆေးစဉ် လိုင်စင်မဲ့ သက်တမ်းလွန်နှင့် သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိပါက ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူသွားရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နောင်ချိုမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲနှင့် အီးအမ်ဘိုကာရှိ လက်တွေ့ပြုလုပ်ပြသ

**နောင်ချို ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ဂန့်ကော်ရွာ တောင်သူ ဦးစန်းလွင်၏ လယ်မြေတွင် ဇူလိုင် ၁၈ရက်က နွေစပါး စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်သည်။

**တက်ရောက်**

အဆိုပါ စံကွက်ရိတ်သိမ်းပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းထွန်းနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာနှင့် ဝန်ထမ်းများမှ တောင်သူ ဦးညွန့်ဝေ၏ လယ်မြေတွင် အဆင့်မြင့် အီးအမ်ဘိုကာရှိ မြေဆွေးပြုလုပ်နည်းကို လက်တွေ့ပြုလုပ်ပြသ၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

**နေပြည်တော် ဇူလိုင် ၂၈**

ဇူလိုင် ၂၈ရက် မြန်မာစံတော်ချိန် ၁၁နာရီ၄၇မိနစ် ၃၃စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက်မိုင် ၄၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ကပ္ပလီပင်လယ်ပြင်)တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၅ဒသမ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ရန်ကုန်-ပုသိမ် ရထားလမ်းဖောက်လုပ်မည့် လမ်းအူကြောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ဇူလိုင်၂၅ရက် နံနက်ပိုင်းက ကျုံဒိုင်းကြီးကျေးရွာရှိ သုံးခွချောင်းတံတားအနီး ရထားကူးတံတား တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးကြသည်။**

### ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အိမ်မဲမြို့ရှိ ရန်ကုန်-ပုသိမ် ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ရန်ကုန်-ပုသိမ်ရထားလမ်းဖောက်လုပ်မည့် လမ်းအူကြောင်းအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားကြသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဒါးကမှ ပုသိမ်မြို့သို့အထွက် ရထား ဖြတ်ကူးသည့်နေရာ၌ ရထားလမ်းအူကြောင်းကို ကြည့်ရှုစစ်ဆေးကြသည်။

### မှာကြား

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် နည်းပညာတက္ကသိုလ်(ပုသိမ်)ရှေ့၌ ရပ်စခန်း ဘူတာ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး **(အပေါ်ပုံ)** ပုသိမ်ဘူတာယာဒ်ဝင်း နှင့် စကြံတို့၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြား သည်။

### စတင်ဖောက်လုပ်

အဆိုပါ ရန်ကုန်-ပုသိမ် ရထားလမ်းပိုင်းမှာ ရန်ကုန်(လှိုင်သာယာ)-ဆားမလောက် (ညောင်တုန်း)-ပန်းတနော်-အိမ်မဲ-ဒါးက-ပုသိမ်အထိ စုစုပေါင်း ၁၀၃မိုင်ရှိသည်။ ရန်ကုန် (လှိုင်သာယာ)-ဆားမလောက် (ညောင်တုန်း)-ပန်းတနော်အထိ ၄၆မိုင်နှင့် ပန်းတနော်မှ ပုသိမ်အထိ ၅၇မိုင်ကို စတင်ဖောက်လုပ်သွားမည် ဖြစ်သည်။

### ဆောင်ရွက်

ယခုအခါ လမ်းအူကြောင်းရှာဖွေခြင်းနှင့် မြေတိုင်းတာခြင်း အင်ဂျင်နီယာအကြို လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပုသိမ်-ဟသာ်တမှ ကြံခင်းသို့ ယခင်အသုံးပြုနေသော ပေါင် ၅၀/၆၀ သံလမ်းများ အစား ယခုအခါ ပိုမိုစိတ်ချရသော သံလမ်းများနှင့် ကွန်ကရစ်ဇလီဖားများကို ကြံခင်း ဘူတာမှစတင်၍ လဲလှယ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မန္တလေး မြို့တော်ဝန်ဖလား အမျိုးသား(အလွတ်တန်း)ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် ဇူလိုင်၁၅ရက် မွန်းလွဲ၂နာရီခွဲက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပသော စတုတ္ထအကြိမ်မြောက် မန္တလေးမြို့တော်ဝန် ဖလား အမျိုးသား(အလွတ်တန်း)ဖူဆယ် ဘောလုံးပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

### ကျင်းပမည်

အဆိုပါ စတုတ္ထအကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား(အလွတ်တန်း) ဖူဆယ် ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၇ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင် အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ဇူလိုင် ၁၄ရက် နံနက်က မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေမြောင်းများ ဆယ်ယူခြင်း၊ ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းနေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် မကွေးမြို့နယ် ဝက်တိုးကျေးရွာ၌ ဖွင့်

မကွေး ဇူလိုင် ၂၈

မကွေးမြို့နယ် ရှားစောင်းကန်အုပ်စု ဝက်တိုးကျေးရွာတွင် ဇူလိုင် ၁၄ရက် နံနက် ၉နာရီက အလင်းရောင်ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံ သစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။ ဖွင့်ပွဲသို့ မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်ကျော်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမောင်မောင်ကျော် နှင့် အဖွဲ့ဝင်များ၊ ရှားစောင်းကန် အုပ်စု အတွင်းရှိ ကျေးရွာများမှ ရပ်ရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ များနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်

အခမ်းအနားတွင် ရှေးဦးစွာ ဝက်တိုး ကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အတွင်းရေးမှူး ဦးခင်ကျော်ညွန့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမောင်မောင်ကျော်၊ ကျေးရွာဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ဖဲကြိုးဖြတ် ၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် အလှူရှင်များက သုတရသ၊ ဂျာနယ်နှင့် မဂ္ဂဇင်းစာအုပ် စုစုပေါင်းအုပ်ရေ ၁၅၀ကို တာဝန်ရှိသူ အသီးသီးသို့ ပေးအပ် လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မတ္တရာမြို့နယ် ကျန်းမာရေး ဦးစီးဌာနနှင့် မတ္တရာမြို့နယ်လူမှုရေး အသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် ရေး ခြင်ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဇူလိုင်၁၂ရက် က မြို့နယ်ဆည်တော်ကြီးကျေးရွာ၌ကျင်းပရာ မြို့နယ်ဆရာဝန်ဒေါက်တာ ဒေါ်လှလှဌေး၊ မြို့နယ်အတွင်းရေးမှူး ဦးသန်းဦးတို့ ဦးဆောင်၍ ကျေးရွာ လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာ ရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက် ကြစဉ်။

(မြို့နယ်ကျန်းမာရေး)

## စာငှားကတ်စနစ်ကျင့်သုံးရေး ဗဟန်း၌ ဆွေးနွေး

*ရန်ကုန် ဇူလိုင် ၂၈*

*ဗဟန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်တိုးပွားရရှိရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး တို့အတွက် ရပ်ကွက်စာကြည့်တိုက်မှူး၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ဆွေးနွေးပွဲကို ဇူလိုင် ၂၃ရက် နံနက် ၉နာရီက ဆရာစံ(စံပြ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပသည်။*

### *ဆွေးနွေးပြောကြား*

*အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ စာငှားကတ်စနစ် ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင် တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးဟောပြောသည်။* ***(အပေါ်ပုံ)***

*ဆက်လက်၍ ဆရာစံ(စံပြ)ရပ်ကွက်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲတွင်လည်း စာငှားကတ်စနစ်ကျင့်သုံးခြင်း၊ စာဖတ်ရှိန် မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။* ***(မြို့နယ် ပြန်/ဆက်)***

## ကန်ပက်လက်မြို့နယ် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေး

ကန်ပက်လက် ဇူလိုင် ၂၈

ကန်ပက်လက်မြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့် အညီ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၈ရက် နံနက် ၁၁နာရီက အဆိုပါ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မင်းတပ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက ၂၀၀၉-၂၀၁၀ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကျေးရွာစာကြည့်တိုက်များ ခိုင်မာစာကြည့်တိုက်အဆောက်အအုံရရှိရေး၊ စံ(၅)ချက်နှင့်အညီတည်တံ့ခိုင်မြဲရေး၊ စာငှားကတ်စနစ် ကျင့်သုံးဆောင်ရွက်လာနိုင်ရေး တို့ကို ဆွေးနွေး ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

# အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုတို့နှင့်စပ်လျဉ်း၍ တရားခံများဘက်မှ လိုက်ပါဆောင်ရွက်ကြသည့် ရှေ့နေများ၏ ပြန်လည်ရှင်းလင်း လျှောက်ထားချက်များကို ကြားနာ

ရန်ကုန် ဇူလိုင် ၂၈

အမေရိကန်နိုင်ငံသား Mr. John William Yettaw ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉၊ ၄၈/၂၀၀၉နှင့် ၄၉/၂၀၀၉တို့နှင့် စပ်လျဉ်း၍ ယနေ့ ဇူလိုင် ၂၈ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ ရုံးထိုင်သည်။

ထိုသို့ရုံးထိုင်ရာတွင် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉မှ တရားခံ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် Mr. John William Yettaw တို့အတွက် လိုက်ပါဆောင်ရွက်ကြသည့် ရှေ့နေများ၏ ပြန်လည်ရှင်းလင်းလျှောက်ထားချက်များကို ကြားနာသည်။

## အမိန့်ချမှတ်

ထို့နောက် တရားခံ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများက ကုလသမဂ္ဂရှိ (Working Group on Arbitrary Detention) အဖွဲ့မှ ဒေါ်အောင်ဆန်းစုကြည်အား အရေးယူထားသော ကိစ္စနှင့်စပ်လျဉ်း၍ မေးမြန်းချက်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ဖြေဆိုပြန်ကြားချက်များရှိကြောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းဖြေဆိုပြန်ကြားချက်များကို တင်ပြရန်နှင့် တင်ပြသူအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀အရ ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်ဆေးပေးရန် လျှောက်ထားတင်ပြလာသည့်အပေါ် ခရိုင်တရားရုံးက အမိန့်ချမှတ်သည်။

အဆိုပါအမိန့်တွင်-

"ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားသော ဤအမှုမှာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂အရ စွဲဆိုထားမှုဖြစ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၂၂ ပြဋ္ဌာန်းချက်မှာ အရေးယူခြင်း ခံရသူတစ်ဦးဦးသည် ကန့်သတ်မိန့်(သို့မဟုတ်) တားဆီးမိန့်ကို ဆန့်ကျင်လျှင်သော်လည်းကောင်း၊ ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ မလိုက်နာလျှင်သော်လည်းကောင်း ပြစ်ဒဏ်စီရင်ခြင်းခံရစေမည့် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ထားခြင်းနှင့် စပ်လျဉ်း၍ အမှုတွင် အငြင်းပွားခြင်းမရှိကြောင်း၊ ကန့်သတ်မိန့်ကို သက်သေခံ(ခ)၊ တားဆီးမိန့်ကို သက်သေခံ (ခ-၁)နှင့် ဆက်လက်တားဆီးမိန့်ကို သက်သေခံ(ခ-၂)အဖြစ် ဤအမှုတွင် တရားလိုဘက်မှ တင်ပြထားကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးကြည်ဝင်းက အဆိုပါ ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံးသို့ အယူခံလွှာတင်သွင်းခဲ့ရာ အယူခံလွှာပါတင်ပြချက်များသည် ဥပဒေအရ အထောက်အထားခိုင်လုံမှုမရှိသောကြောင့် အယူခံလျှောက်ထားမှုကို ပလပ်ခဲ့ကြောင်း။

ထိုသို့အယူခံလွှာကို ပလပ်ခဲ့ကြောင်းကို အစိုးရအဖွဲ့ရုံးက ၂၀၀၉ ခုနှစ် ဧပြီ(၃၀) ရက်နေ့စွဲဖြင့် ရှေ့နေဦးကြည်ဝင်းထံ အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်းနှင့် ယင်းအမိန့်များ အတည်ဖြစ်လျက်ရှိကြောင်းမှာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သိရှိပြီးဖြစ်ကြောင်း၊ ဤအမှုတွင် တရားလိုနှင့် တရားလိုပြသက်သေများကိုလည်းကောင်း၊ တရားခံများနှင့် ၎င်းတို့၏ သက်သေများကိုလည်းကောင်း စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့စစ်ဆေးခဲ့ပြီးဖြစ်သည့် သက်သေများ၏ ထွက်ဆိုချက်များတွင်ဖြစ်စေ၊ နှစ်ဖက်တင်ပြသည့် သက်သေခံအထောက်အထားများတွင်ဖြစ်စေ ယခုလျှောက်ထားချက်ပါ အကြောင်းပြချက်များနှင့်စပ်လျဉ်းသော အချက်အလက်တစ်စုံတစ်ရာမျှ ပေါ်ပေါက်ခဲ့ခြင်း၊ ညွှန်ပြထားခြင်းမရှိသည်ကို တွေ့ရကြောင်း၊ ဤအမှုတွင် အဓိက စိစစ်ရမည့် ပြဿနာမှာလည်း ကန့်သတ်မိန့်(သို့မဟုတ်)တားဆီးမိန့်ကို ဆန့်ကျင်ခြင်း၊ ဖောက်ဖျက်ခြင်း၊ မလိုက်နာခြင်းရှိ မရှိဟူသော အချက်သာဖြစ်ကြောင်း၊ ဤအခြေအနေတွင် တရားခံဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေများ တင်ပြလာသည့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၄၀(ဒုတိယပိုင်း) ပြဋ္ဌာန်းချက်အရ ရုံးခေါ်သက်သေခေါ်ယူပေးရန် လျှောက်ထားချက်အပေါ် လက်ခံစဉ်းစားရန်အကြောင်းမရှိ"

ဟု ဖော်ပြသုံးသပ်က ယင်းလျှောက်ထားချက်ကို ပယ်ကြောင်း အမိန့်ချမှတ်သည်ဟု သိရှိရသည်။

## ဆက်လက်ကြားနာ

မွန်းလွဲ ၁နာရီတွင် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈/၂၀၀၉နှင့် ၄၉/၂၀၀၉တို့မှ တရားခံ Mr. John William Yettaw အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေ ဦးခင်မောင်ဦး၏ အပြီးသတ်လျှောက်လဲချက်နှင့် တရားလိုအတွက်လိုက်ပါဆောင်ရွက်သည့် ဒုတိယ ခရိုင်ဥပဒေအရာရှိ၏ အပြီးသတ် လျှောက်လဲချက်များကို ဆက်လက်ကြားနာသည်။

အဆိုပါ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉၊ ၄၈/၂၀၀၉၊ ၄၉/၂၀၀၉တို့နှင့် စပ်လျဉ်း၍ အပြီးသတ်စီရင်ချက်ချမှတ်ရန် ဇူလိုင် ၃၁ရက်သို့ ချိန်းဆိုလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၂၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၈

ယခုလထုတ် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းတွင် ယခင်ပါဝင်နေကျ အခန်းကဏ္ဍများအပြင် ဖွံ့ဖြိုးဝေစည် နိုင်ငံ့ဂုဏ်ရည်ကဏ္ဍ၊ သားကောင်း စစ်သည်ကဏ္ဍ၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း၊ နိုင်ငံတကာ သတင်းကဏ္ဍ၊ ကျောင်းသား လူငယ်ကဏ္ဍများ ဖြည့်စွက်လျက် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ကြီးကြပ်တည်းဖြတ် ထုတ်ဝေဖြန့်ချိလိုက်သည်။**(အပေါ်ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မြတ်ဘုန်း (တပ်ကုန်း)၊ ညီသစ်ဆင်း(ညောင်ဦး)၊ ချမ်းမြဆောင်း(ကလော)၊ သက်ဦးနိုင်(မြဝတီ)၊ မျိုးခိုင်(မူဆယ်)၊ ကျော့ဝင်း (မိုးညှင်း)၊ ကြည်ထွန်း (ကျောက်ပန်းတောင်း)၊ မွေးငယ်ငယ်၊ လယ်ကိုင်းလှဘုန်း၊ အေးမြင့်အေး (တပ်ကုန်း)တို့၏အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ မောင်ခင်မင်(ဓနုဖြူ)၊ မောင်ဆွေငယ်၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ လယ်တွင်းသားစောချစ်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ ကြူကြူသင်း၊ သာနိုင်အောင် (ကျိုက်မရော)၊ နေမျိုးသန့်၊ မောင်စိုးထိုက် (သုံးဆယ်)၊ ပန်းတောင်းသန်းကြွယ်၊ ရွှေနဂါးတင်ဝင်း၊ စစ်ကိုင်းစိမ်းစိမ်း၊ မြန်မာ့အသံသိန်းဟန်၊ တက္ကသိုလ်စိုးယဉ်၊ တက္ကသိုလ်သျှင်သီရိ၊ မောင်မောင်မြင့်ဆွေ၊ မြင့်ဝေလှိုင်၊ သန့်ဇင်လတ်(ပညာရေး)၊ သက်သက်သင်း(ပညာရေး)၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ အောင်ဇင်၊ လူမော်ဟိန်း (ရန် ကင်း)၊ ဌေးပုလဲ၊ ရွှေခိုဆွေဦး၊ မောင်ကြည်သစ်ဦး၊ ရွှေသဇ္ဇာ၊ မင်းဦး(ဒဿန)၊ ဖွဲ့နေ၊ ကချင်မြေငှက်ခါး၊ စည်သူကျော်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်ကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်ကဏ္ဍ၊ ကလေးတို့အတွက် ကဗျာ လက်ဆောင် စာလက်ဆောင်၊ တောခလေ့စာပန်းချီ၊ ကဗျာပန်းရုံရိပ်တို့ဖြင့် သုတ၊ ရသစုံလင်စွာတင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာ အတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## တန့်ဆည်မြို့၌ ပန်းအလှပင်စိုက်ပျိုး

တန့်ဆည် ဇူလိုင် ၂၈

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ဗိုလ်ချုပ်လမ်းဘေးတစ်လျှောက် ပန်းအလှပင်နှင့် အရိပ်ရပင်များကို ဇူလိုင် ၃ရက်က စိုက်ပျိုးရာ အမှုဆောင်အရာရှိ ဦးမျိုးဌေးက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးပိုလာနိုင်

ရန်ကုန် ဇူလိုင် ၂၈

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော၂၄နာရီ အတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပလက်ဝမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ကျောက်တော်မြို့တွင် ၄ ဒသမ ၅၇ လက်မ၊ အမ်းမြို့တွင် ၄ ဒသမ ၃၄ လက်မ၊ မချမ်းဘောမြို့တွင် ၄ ဒသမ ဝ၆ လက်မ၊ ညောင်လေးပင်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၁၅ လက်မနှင့် ကျောက်ပန်းတောင်းမြို့တွင် ဝ ဒသမ ၁၈ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**ဇူလိုင် ၂၉ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီးကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

## မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇူလိုင် ၂၈

### အထက(၃)တာမွေ အာစရိယပူဇော်မည်

*နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၃)တာမွေ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျင်းပရန် စီစဉ်လျက်ရှိရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားပြီး အလှူငွေများ လှူဒါန်းလိုပါက ဦးအေးကြူ ဖုန်း- ၅၄၆၆၉၀၊ ၀၉-၅၁-၁၈၆၀၈၊ ဦးခင်စိုး ဖုန်း-၅၄၅၄၉၄၊ ဦးနေဝင်းဖုန်း-၅၄၀၀၆၁၊ ဦးတင် မောင်ဝင်းဖုန်း-၅၄၁၂၇၂၊ ဒေါ်ချိုချိုအောင် ဖုန်း-၆၄၀၀၂၉နှင့် ဦးစန်းဝင်း ဖုန်း-၅၄၅၀၉၂တို့သို့ ဇူလိုင်၃၁ရက် မတိုင်မီ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။*

### အခြေခံကွန်ပျူတာသင်တန်းဖွင့်မည်

*မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေး လုပ်ငန်းနှင့် Information Channel(i-channel) တို့ ပူးပေါင်းစီစဉ်၍ အခြေခံကွန်ပျူတာ သင်တန်းကို ဩဂုတ်၈ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ရာ အမှတ် ၁၅၄ ဦးချစ်မောင်လမ်း ဦးချစ်မောင်အိမ်ရာအနီး တာမွေမြလမ်းမှတ်တိုင် ဖုန်း-၀၉-၈၆-၁၀၅၃၀သို့ ဆက်သွယ်စုံစမ်းနိုင်သည်။*

### ဘူမိသိပ္ပံအသင်း စုပေါင်းလှူဒါန်းမည်

*မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ်၂ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Function Hall ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၅၁၉၆၇၆၊ လိုင်းခွဲ-၅၀၁၊ ၅၃၄၅၀၉ နှင့် ၀၉-၅၁- ၅၃၄၄၁ တို့သို့ ဆက်သွယ်နိုင်သည်။*

### ကြီးပွားတိုးတက်အောင်မြင်မှု သင်တန်းဖွင့်

*ကြီးပွားတိုးတက်အောင်မြင်မှုသင်တန်းကို ဇွန် ၁၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းတစ်ပတ်လျှင် သင်တန်းသား ၁၀ ဦးဖြင့် ၁၀ ရက်ကြာ ပို့ချပေးခဲ့ပြီး စိတ်ဝင်စားသူများ သင်တန်းတက်ရောက်လိုက ဖုန်း-၃၈၈၈၆၉၊ အမှတ်၂၉၉ (ပထမထပ်) ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။*

### စေတနာသွေးလှူစည်းရုံးရေး ရက်တိုသင်တန်းဖွင့်မည်

*မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စေတနာသွေးလှူစည်းရုံးရေးရက်တိုသင်တန်းကို ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ဇူလိုင် ၂၉ရက်နှင့် ၃၀ရက်တို့တွင် ဖွင့်လှစ်မည်ဖြစ်ရာ အသင်းမှအသင်းသူ အသင်းသားများနှင့် သွေးလှူဒါန်းခြင်းကို စိတ်ဝင်စားသော လူငယ်များအား စနစ်တကျသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။*

### ချောက်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

*ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မြန်မာနိုင်ငံ ဇီဝဌာယီအဖွဲ့ ဓမ္မာရုံ(တရားရုံးချုပ် ဓမ္မာရုံဘေး)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။*

### စီးပွားဖြစ်ရဲယို စိုက်ပျိုးလိုက ဆက်သွယ်နိုင်

*မြန်မာနိုင်ငံ၌ နေရာဒေသမရွေး ရှင်သန်ပေါက်ရောက်နိုင်သော ရဲယိုပင်မှာ ကျန်းမာရေးအတွက် ဆေးဖက်ဝင်သလို စီးပွားဖြစ်လည်း စိုက်ပျိုးနိုင်သဖြင့် စိုက်ပျိုးလိုသူများအတွက် ဆက်သွယ်လိုပါက ရွှေမြန်မာရဲယိုခြံ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လှော်ကား-ဖူးကြီးလမ်း လိပ္ပတ်ကျေးရွာ ဖုန်း-၀၉-၅၀-၀၃၉၆၀သို့ ဆက်သွယ်စုံစမ်း သွားရောက်လေ့လာနိုင်ကြသည်။*

### စာတတ်မြောက်ရေးနေ့ ဆောင်းပါးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

*လာမည့် စက်တင်ဘာ ၈ရက်တွင် ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ အမှတ် ၄၂၆ ပြည်လမ်း တက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ဩဂုတ် ၂၁ရက်(သောကြာနေ့) နောက်ဆုံးထားပေးပို့နိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၅၀၃၉၈၇သို့ ဆက်သွယ်နိုင်သည်။*

### စာအုပ်အရောင်းပွဲ ခင်းကျင်းပြသ

*စိတ်ကူးချိုချိုစာအုပ်တိုက်၏ (၁၀)နှစ်ပြည့်အမှတ်တရ စာအုပ်အရောင်းပွဲကို လောကနတ်အနုပညာခန်းမ ပန်းဆိုးတန်း(အောက်)ရန်ကုန်၌ ဇူလိုင်၂၈ရက်မှ ဩဂုတ် ၆ရက်အထိ နေ့စဉ်နံနက်၉နာရီမှညနေ၅နာရီအထိ အထူးနှုန်းဖြင့်ရောင်းချပေးလျက်ရှိကြောင်းသိရသည်။*

### သာစည်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

*သာစည်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကင်းမြို့နယ် (၁၁)ရပ်ကွက် ကံဘဲ့ဘူတာရုံလမ်း အောင်ချမ်းသာကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ။ (မြန်မာ့အလင်း)*

စုစည်းရေးသားသူ-ဝင်းကျော်

29-7 (07).pmd 1 7/29/2009, 1:45 AM

# ဥပဒေကို ချိုးဖောက်လျှင်ဖြင့်

ဦးမျိုးမြင့် (ဥပဒေ)

လွတ်လပ်သောနိုင်ငံတိုင်းသည်အချုပ်အခြာအာဏာပိုင်စမြဲဖြစ်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူ ကောင်းကျိုးအတွက် အချုပ်အခြာအာဏာရပ်ကြီးမှ ဥပဒေပြုခွင့်အာဏာကိုလည်းကောင်း၊ စီမံအုပ်ချုပ်ခွင့်အာဏာကိုလည်းကောင်း၊တရားစီရင်ခွင့်အာဏာကိုလည်းကောင်း လွတ်လပ်စွာ ကျင့်သုံးနိုင်ကြသည်။

**မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်သည်။ မြန်မာပြည်သူပြည်သားများအတွက် ကောင်းကျိုးပြု ဥပဒေများ ရေးဆွဲပြဋ္ဌာန်းသည့် ပြဋ္ဌာန်းခွင့်လည်း ရှိသည်။ မြန်မာတို့ ကောင်းကျိုးဆောင် အုပ်ချုပ်ရေးပုံစံချမှတ်ပြီး အစိုးရအဖွဲ့များ တင်မြှောက်ခွင့်ရှိသည်။ မြန်မာတို့ ကောင်းကျိုးရှေးရှု တရားစီရင်ရေးစနစ်နှင့် တရားစီရင်ရေးအဖွဲ့များ ရှိသည်။**

**ကမ္ဘာ့နိုင်ငံ ၂၀၀ ခန့်ရှိရာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရေမြေသဘာဝ၊ ဥတုရာသီ၊ လူမျိုးစရိုက်၊ ရိုးရာအစဉ်အလာ ယဉ်ကျေးမှု၊ ဘာသာ၊ စာပေ၊ ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်ပုံ သမိုင်းကြောင်း မတူညီကြပေ။ သို့သော် ကိုယ့်နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ပြည်သူများ လုံခြုံဘေးကင်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် လိုအပ်သည့် ဥပဒေများ ပြုစုပြဋ္ဌာန်းကြရာ၌လည်းကောင်း၊ နိုင်ငံကို ဦးဆောင်စီမံကွပ်ကဲမည့် အစိုးရများထားရှိရာတွင်လည်းကောင်း၊ ဥပဒေချိုးဖောက်မှုများကို ဟန့်တားနိုင်မည့် တရားရုံးများထားရှိရာတွင်လည်းကောင်း တူညီကြသည်။**

အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်၊ ရုရှား၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ ဩစတြေးလျ၊ ဂျာမနီ၊ ဆော်ဒီအာရေဗျ၊ ကူဝိတ် စသည့် နိုင်ငံအားလုံးတွင် အစိုးရများရှိသည်။ ပုံစံချင်း တူချင်မှတူမည်။ အစိုးရကတော့ ရှိနေကြသည်။ ဥပဒေများကိုလည်း လိုအပ်သလို ပြဋ္ဌာန်းကျင့်သုံးကြသည်။ ဥပဒေနှင့်အညီ စစ်ဆေးစီရင်သော တရားရုံးများလည်းရှိကြသည်။ ရာဇဝတ်ပြစ်မှု ကျူးလွန်သူ၊ ဥပဒေချိုးဖောက်သူကို ခွင့်လွှတ်မထားပေ။ ရဲကဖမ်း၊ တရားစွဲတင်ပို့၊ တရားရုံးက စစ်ဆေးစီရင်ကြစမြဲဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံအားလုံးက no man is above the law မည်သူမှ ဥပဒေအထက်တွင် မရှိဟူသော ဥပဒေဆိုရိုးစကား၊ Ignorance of law is no excuse ဥပဒေကို မသိခြင်းကြောင့် အပြစ်မှခွင့်မလွှတ်နိုင်ဟူသော ဆိုရိုးစကားများကို ဥပဒေသများအဖြစ် လက်ခံထားကြခြင်း ဖြစ်ပေသည်။

တရားစီရင်ရာ၌ ဗြိတိသျှ တရားစီရင်ရေးစနစ်တွင် ပြစ်မှုများစစ်ဆေးရာ၌ ဂျူရီ (Jury)ခေါ် ခုံသမာဓိ လူကြီးများ ထားရှိသည်။ ရပ်ထဲရွာထဲမှ ဥပဒေနားမလည်သော ဈေးသည်၊ ဆံပင်ညှပ်သမား၊ ဖိနပ်ချုပ်သူ၊ အိမ်ရှင်မ စသည့် အရပ်သားငါးယောက်၊ ခြောက်ယောက်ကို တရားရုံးက ဖိတ်ခေါ်ကာ ဂျူရီလူကြီးအဖြစ် အမှုစစ်ဆေးသည်ကို နားထောင်စေသည်။ သက်သေထွက်ချက်၊ ရှေ့နေလျှောက်လဲချက်များကို ဂျူရီတို့က လူမှုရေးအသိဖြင့် နားထောင်ရသည်။ တကယ့်တရားသူကြီးက အလယ်မှ ထိုင်သည်၊ ဝင်မစစ်၊ ဂျူရီတို့ကို ဥပဒေဆိုင်ရာများ ရှင်းပြသည်။ အမှုစစ်ပြီးလျှင် အတွင်းခန်း၌ ဂျူရီလူကြီးများကို တရားသူကြီးက အမှုသွား အမှုလာများနှင့် ဥပဒေအကြောင်းကိုရှင်းပြသည်။ တရားသူကြီးက အဆုံးအဖြတ်မပေး။ ဂျူရီလူကြီးများက တရားခံတွင် အပြစ်ရှိမရှိ မဲပေးဆုံးဖြတ်ကြသည်။ ထိုဆုံးဖြတ်ချက်အတိုင်း တရားသူကြီးက တရားခွင်၌ စီရင်ချက်အမိန့် ကြေညာဖတ်ပြသည်။

အမေရိကန်ပြည်ထောင်စုသည် ဗြိတိသျှ တရားစီရင်ရေးကို နည်းသက်ခံပြီး ဂျူရီစနစ်သုံးသည်။ မြန်မာအပါအဝင် ဗြိတိသျှကိုလိုနီဖြစ်ဖူးသော နိုင်ငံများသည် ကိုလိုနီ(ကျွန်ဘဝ)ကာလတစ်လျှောက် ဗြိတိသျှ တရားစီရင်ရေးစနစ်အရ ဂျူရီများဖြင့် စစ်ဆေးခဲ့သည်။ လွတ်လပ်ရေးရကြပြီးနောက် ထိုနိုင်ငံများတွင် ဂျူရီစနစ်မသုံးဘဲ ကိုယ်ပိုင်တရားစီရင်ရေးပုံစံများ ချမှတ်ကျင့်သုံးကြသည်။ လူမျိုးစရိုက် ယဉ်ကျေးမှု၊ ကိုးကွယ်မှုအလိုက် ဥပဒေများ၊ အစိုးရပုံစံများနှင့် တရားစီရင်ရေးစနစ်များ ကွဲပြားကြလေသည်။

မြန်မာတို့၏ ဓလေ့ထုံးတမ်းဥပဒေတွင် လင်မယားနှစ်ယောက်ပိုင်ပစ္စည်းကို လင်သေလျှင် မယားက အလိုအလျောက်ပိုင်ခွင့် (Vested right) ရှိသည်။ မိဘသေလျှင် သားသမီးက အမွေကိုအလိုအလျောက်ရရှိသည်။ လင်ရှာဖွေခဲ့သောပစ္စည်း လင်သေလျှင် မယားခံစားခြင်း၊ မိဘသေလျှင် သားသမီးများက ခံစားခြင်းတို့သည် မြန်မာလူမှုစနစ်၊ လူမျိုးစရိုက်၊ ကိုးကွယ်မှုတို့နှင့် ကိုက်ညီသည်။ ခရစ်ယာန်ဘာသာကိုးကွယ်သူများတွင်မူ အိမ်ထောင်ဦးစီး၊ ဖခင်၊ လင်ယောကျ်ားက Will ခေါ် သေတမ်းစာ ကြိုရေးထားခဲ့နိုင်သည်။ သေတမ်းစာတွင် မိမိပိုင် ငွေကြေးပစ္စည်းများကို မိမိသဘောကျ စီမံခန့်ခွဲ ရေးသားနိုင်သည်။ ဇနီး၊ သားသမီးတို့တွင် အလိုအလျောက် မဆက်ခံနိုင်။ သေတမ်းစာတွင် ဇနီးနှင့် သားသမီးကို တစ်ပြားတစ်ချပ်မျှ အမွေမပေးခဲ့ဘဲ ၄င်း (သူဌေးဖခင်၊ လင်ယောကျ်ား)အပေါ် သစ္စာရှိသည်၊ အပြုစုကောင်းသည်ဟုထင်သော ဒရိုင်ဘာအား မည်ရွေ့မည်မျှ၊ အိမ်ဖော်မ၊ နပ်စ်သူနာပြုမတို့အား မည်ရွေ့မည်မျှစီပေး၊ ကျန်ငွေကြေးပစ္စည်းအားလုံး မည်သည့်နေရာသို့ လှူရန်ဟု ရေးသားခဲ့သည်များလည်း ရှိပေသည်။

မြန်မာရပ်ရှင်၊ ဝတ္ထုဇာတ်လမ်းများစွာ၌ ဗုဒ္ဓဘာသာဝင် ဖခင်က ဇနီးအတွက် မည်ရွေ့မည်မျှ၊ သားသမီးများအတွက် မည်သူက မည်မျှ စသည်ဖြင့် သေတမ်းစာ (Will) ရေးထားခဲ့သည့် ဇာတ်ကွက်များ တွေ့ရပေသည်။ သို့သော် ဗုဒ္ဓဘာသာဝင်တို့၌ သေတမ်းစာ ရေးသားခွင့်မရှိပေ။

ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက်လာသော မြန်မာနိုင်ငံတွင် ဗြိတိသျှတို့ ပြဋ္ဌာန်းသွားသော ဥပဒေများ၊ တရားစီရင်ရေးစနစ်များ၊ ဗျူရိုကရေစီအုပ်ချုပ်ရေးပုံစံများကို ဖြုတ်သင့်သရွေ့ ဖြုတ်၊ ပြင်သင့်သရွေ့ပြင်၊ အစားထိုးသင့်သမျှ ထိုးယူခဲ့ရသည်။ ဗြိတိသျှခေတ်က အသက် ၃၀ အရွယ် ဗြိတိသျှလူမျိုး တရားသူကြီးရှေ့မှောက်၌ အသက် ၆၀ ကျော်၊ ၇၀ ကျော် မြန်မာကြီးများက ဒူးထောက်ပြီး အစစ်ခံရကာ ဘုရားထူးခဲ့ရဖူးသည်။ မြန်မာတို့၏ တရားစီရင်ရေးသည် ဥပဒေနှင့်အညီ ခုခံခွင့်၊ ချေပခွင့်၊ အယူခံခွင့်ရှိသည်။ အထူးလိုအပ်မှသာ အထူးခုံရုံးများ၌ တံခါးပိတ်စစ်ဆေးသည်မှအပ အမှုအားလုံးကို အများပြည်သူရှေ့မှောက်၌ စစ်ဆေးသည်။ လူ့သိက္ခာညှိုးနွမ်းစေသော ပြစ်ဒဏ်မျိုး (ဥပမာ-ခိုးမှုကျူးလွန်သူကို လည်ပင်း၌ သူခိုးဟု စာတန်းဆွဲ၊ ကျွန်တော် သူခိုးပါဗျာ့ဟု နောက်မှတုတ်နှင့်ရိုက်ပြီး အော်ခိုင်းခြင်းမျိုး)မပေးပေ။ မည်သည့်ဥပဒေကိုမှ နောက်ကြောင်းပြန် အသုံးပြုပြီး ပြစ်ဒဏ်မစီရင်ပေ။ တရားခံကျူးလွန်သော အချိန်တည်ရှိသည့် ဥပဒေအရသာ စစ်ဆေးစီရင်ရသည်။

အမေရိကန်အပါအဝင် အနောက်နိုင်ငံကြီးများစွာ၌ အမှုပေါင်းများစွာကို သီးသန့်လျှို့ဝှက်ပြီး တံခါးပိတ်စစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဗြိတိသျှခေတ်၊ ဖဆပလခေတ်၊တော်လှန်ရေးအစိုးရခေတ် စသည်တို့၌ အထူးခုံဖွဲ့ပြီး သီးသန့် (အများပြည်သူ လာရောက်နားထောင်ခွင့် မရှိ) စစ်ဆေးခဲ့သည်။ တော်လှန်ရေးအစိုးရ(လမ်းစဉ်ပါတီ)ခေတ်က သခင်စိုး၏ ဆင်စွယ်ရွာ လူသတ်မှု၊ အုန်းကျော်မြင့်တို့၏ လုပ်ကြံအာဏာသိမ်းရန် ကြံစည်မှု စသည်တို့ကို အင်းစိန်ထောင် သီးသန့်အဆောင်(သင်တန်းခန်းမ)တွင် လုံခြုံရေးအထပ်ထပ်ချကာ သီးသန့်စစ်ခဲ့သည်။

အမှုလေ့လာနားထောင်သော ရိုးရိုးပြည်သူ ဟန်ဆောင်ပြီး တရားခွင်သို့လာရောက်ကာ ဆူပူနှောင့်ယှက်မှု၊ တရားခံကို လုယူရန်ကြိုးစားမှု၊ လုပ်ကြံသတ်ဖြတ်မှု၊ နှုတ်ပိတ်ရန်ကြံမှု စသည်တို့ မလုပ်နိုင်အောင် အရေးကြီးအမှုအချို့ သီးသန့်စစ်ကြသည်။ ကမ္ဘာမှာရော၊ မြန်မာမှာပါ အတူတူဖြစ်ပေသည်။

**မြန်မာ့တရားစီရင်ရေးစနစ်သည် ဥပဒေကို အဓိကထားပြီး တရားခံ၏ကျူးလွန်မှု ဟုတ်မဟုတ်ကို အလေးထားစစ်ဆေးစီရင်သည်။ အသားအရောင်၊လူမျိုး၊ အဆင့်အတန်း ခွဲခြားစစ်ဆေးမှုမရှိ။ အမေရိကန်တွင် ပြစ်မှုအတူကျူးလွန်ရာမှာပင် လူဖြူတရားခံများ ထောင်မကျ၊ လူမည်း(နီဂရိုး)**

**ရုံးတော်က အမိန့်ချ မစီရင်သေးသမျှ မည်သူ့တွင် အပြစ်ရှိသည်၊ အပြစ်မရှိဟု စကားဦးမသန်းသင့်ပေ။ ပါတီတစ်ခုကဖြစ်စေ၊ နိုင်ငံရေးသမားဖြစ်ရန်နှင့် ဘာပြစ်မှုကျူးလွန်ကျူးလွန် မဖမ်းနဲ့ ထောင်မချနဲ့ဟု ပြောဍ်မရနိုင်။ No man is above the Law ဆိုသော ဥပဒေသအရ မည်သူမှ ဥပဒေအထက်တွင်မရှိ။ Crime does not pay ရာဇဝတ်ဘေး ပြေးမလွတ်ဟူသော စကားအတိုင်းပင်၊ ဥပဒေချိုးဖောက်မိလျှင် တရားဆိုင်၊ တရားရုံးအဆုံးအဖြတ် နာခံကြရုံသာ ရှိသည်။ ဤသို့မှလည်း နိုင်ငံတွင် ဥပဒေစိုးမိုးကာ ရပ်ရွာအေးချမ်းသာယာပေမည်။**

မှန်ကန်မျှ…
တရားရုံးမထိမဲ့မြ…
သားပီသစွာ တ…
ခြင်း၊ မတော်သ…
မလုပ်သင့်ကြပေ။
တရားလိုဘက်မှ…
အရှိန်အဝါသုံးဖို့ …
ချိုးဖောက်ကာ …
ခေါင်းဖြတ် စသ…
သော ရှစ်လေး…
ဥပဒေစည်းဖောက…
ပေးခဲ့ပြီးပေပြီ။ ဥ…

**တရားခံများကို ထောင်ချသော တရ… များ၊ အမျိုးသမီးတရားခံများကို လူ… ခြေထောက်တွင် သံခြေချင်းနှောင်ကြိုး… မျိုး၊ အဘူဂါရတ်(အီရတ်)အကျဉ်းထေ… အမေရိကန်ရေတပ်စခန်းမှ ဂွာတာ… စီအိုင်အေ၏ ဥရောပ လျှို့ဝှက်အကျဉ်… စွာ အကျဉ်းသားများကို စစ်ဆေးေ… နိုင်ငံတွင် လုံးဝ လုံးဝမရှိ။**

ယခုတလော ပြည်ပြေးများက… သည့် အနောက်မှ ကိုလိုနီစော်နံသည်… အခြားမီဒီယာများ၌ မြန်မာနိုင်ငံမှ… ပုတ်ခတ်၊ ဥပဒေကိုစော်ကားကာ ပြစ်… တရားလွှန် တစ်ဖက်သတ်ပင်းသော… ခပ်စိပ်စိပ်ကြားနေရပေသည်။

၂၀၀၉ ခုနှစ် မေလ ၃ ရက်… တက္ကသိုလ်ရိပ်သာလမ်း ဒေါ်အောင်ဆ… ခြံဝင်း နောက်ဖေးဘက် အင်းလျားက… ဖြတ်ကျော်ဝင်ရောက်သော အမေရိ… ယက်တောသည် မေလ ၅ရက်နေ့ညဝ… စုကြည်အိမ်မှ ရေကူးပြီး ပြန်ထွက်လ… အား အင်းလျားကန်ရေပြင်၌ လုံခြုံေ… အမှုဖြစ်သည်။

ယက်တောကို ဖမ်းမိစဉ် ရရှိေ… အထားများကို ဆိုင်ရာမှ စစ်ဆေးကြ… သည် ၂၀၀၈ခုနှစ် နိုဝင်ဘာလကလည်း… တစ်ခေါက်ရောက်ဖူးသည်။ အမှန်စင်… နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလို… ကာကွယ်စောင့်ရှောက်သည့် ဥပဒေ… မှုလအခွင့်အရေးများကို ကန့်သတ်… ယင်းဥပဒေပုဒ်မ ၁၀(က) အရ … ပုဒ်မ ၁၀(ခ)/၁၁ တို့အရ တားဆီးမိန့်… အရ ဆက်လက်တားဆီးမိန့်များထုတ်… မှာပင်နေထိုင်စေခဲ့သည်။ ချက်ပြုတ်စာ… ဆေးဝါးကုသစောင့်ရှောက်မှုများကို …

ယက်တောက အင်းလျားကန်… လာပြီး ဒေါ်စုကြည် ခြံနောက်ဖေးတံ…

**မှန်ကန်မျှတသော တရားစီရင်ရေးကို လိုလားလျှင် တရားရုံးမထီမဲ့မြင်ပြုမှုကိုလည်း မကျူးလွန်နှင့်။ နိုင်ငံကြီးသားပီသစွာ တရားရုံးအဆုံးအဖြတ်ကိုနာခံ။ ခြိမ်းခြောက်ခြင်း၊ မတော်သြဇာလွှမ်းမိုးရန် ကြံစည်ခြင်းတို့ကိုလည်း မလုပ်သင့်ကြပေ။ တရားခံဘက်မှ အားပေးရန်၊ သို့မဟုတ် တရားလိုဘက်မှအားပေးရန် သြဇာအရှိန်အဝါ၊ ဂုဏ်သိမ် အရှိန်အဝါသုံးဖို့ မည်သူမျှဝင်မပါ၊ဝင်မရှုပ်သင့်ပေ။ ဥပဒေချိုးဖောက်ကာ ဂိုဒေါင်ဖောက် လုယက်၊ လူလုချင်းခေါင်းဖြတ် စသည်ဖြင့် ဥပဒေမဲ့၊ မင်းမဲ့စရိုက်လွှမ်းမိုးခဲ့သော ရှစ်လေးလုံး တိုင်းဆူပြည်ဖျက် လှုပ်ရှားမှုကြီးက ဥပဒေစည်းဖောက်လျှင် နိုင်ငံပျောက်နိုင်သည့် သင်ခန်းစာ ပေးခဲ့ပြီးပေပြီ။ ဥပဒေလိုက်နာ - ဘေးကင်းကွာ။**

**တရားခံများကို ထောင်ချသော တရားစီရင်ပုံ သတင်းဆိုးများ၊ အမျိုးသမီးတရားခံများကို လူပုံလယ်၌ ဖိနပ်မပါ၊ ခြေထောက်တွင် သံခြေချင်းနှောင်ကြိုးဖြင့် လျှောက်ခိုင်းခြင်းမျိုး၊ အဘူဂါရတ်(အီရတ်)အကျဉ်းထောင်၊ ကျူးဘားကျွန်း အမေရိကန်ရေတပ်စခန်းမှ ဂွာတာနာမို အကျဉ်းစခန်း၊ စီအိုင်အေ၏ ဥရောပ လျှို့ဝှက်အကျဉ်းစခန်းများ၌ လူမဆန်စွာ အကျဉ်းသားများကို စစ်ဆေးသောနည်းများ မြန်မာနိုင်ငံတွင် လုံးဝ လုံးဝမရှိ။**

ယခုတလော ပြည်ပြေးများကို နေရာပေး ခန့်ထားသည့် အနောက်မှ ကိုလိုနီစော်နံသည့် အသံလွှင့်ဌာနများ၊ အခြားမီဒီယာများ၌ မြန်မာနိုင်ငံမှ တရားစီရင်ရေးကို ပုတ်ခတ်၊ ဥပဒေကိုစော်ကားကာ ပြစ်မှုတရားခံများဘက်မှ တရားလွန် တစ်ဖက်သတ်ပင်းသော အပြောအဆိုများ ခပ်စိပ်စိပ်ကြားနေရပေသည်။

၂၀၀၉ ခုနှစ် မေလ ၃ ရက်နေ့ညတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်း နောက်ဖေးဘက် အင်းလျားကန်စောင်း ခြံတံခါးမှ ဖြတ်ကျော်ဝင်ရောက်သော အမေရိကန်လူမျိုး ဂျွန်ဝီလျံယက်တောသည် မေလ ၅ရက်နေ့ညတွင်မှ ဒေါ်အောင်ဆန်းစုကြည်အိမ်မှ ရေကူးပြီး ပြန်ထွက်လာခဲ့သည်။ ယက်တောအား အင်းလျားကန်ရေပြင်၌ လုံခြုံရေးက ဖမ်းဆီးရမိသော အမှုဖြစ်သည်။

ယက်တောကို ဖမ်းမိစဉ် ရရှိသောပစ္စည်းအထောက်အထားများကို ဆိုင်ရာမှ စစ်ဆေးကြသည်။ ယက်တောသည် ၂၀၀၈ခုနှစ် နိုဝင်ဘာလကလည်း ဒေါ်စုကြည်အိမ်သို့ တစ်ခေါက်ရောက်ဖူးသည်။ အမှန်စင်စစ် ဒေါ်စုကြည်အား နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ အရ ၎င်း၏ မူလအခွင့်အရေးများကို ကန့်သတ်မိန့်ထုတ်ထားခဲ့သည်။ ယင်းဥပဒေပုဒ်မ ၁၀(က) အရ ဖမ်းဆီးချုပ်နှောင်မိန့်၊ ပုဒ်မ ၁၀(ခ)/၁၁ တို့အရ တားဆီးမိန့်နှင့် ပုဒ်မ ၁၃/၁၄ တို့အရ ဆက်လက်တားဆီးမိန့်များထုတ်ပြန်ကာ ၎င်း၏နေအိမ်မှာပင် နေထိုင်စေခဲ့သည်။ ချက်ပြုတ်စားသောက်မှု၊ နေထိုင်မှု၊ ဆေးဝါးကုသစောင့်ရှောက်မှုများကို ခွင့်ပြုပေးထားသည်။

ယက်တောက အင်းလျားကန်ကို မှောင်ရိပ်ခို ရေကူးလာပြီး ဒေါ်စုကြည် ခြံနောက်ဖေးတံခါးမှ ဝင်လာခြင်းဖြစ်သည်။ ယက်တောယူလာသည့် ခေါင်းမြီးခြုံ ကုလားမဝတ်စုံနှစ်စုံနှင့် ပစ္စည်းအချို့၏ ရည်ရွယ်ချက်အမှန်ကိုသာ တွင်းတူးဖော်ထုတ်မည်ဆိုလျှင် ဟောလီးဝုဒ်ရုပ်ရှင်ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်လာပေလိမ့်မည်။ လျှို့ဝှက်သည်းဖို၊ ရုပ်ဖျက် ထွက်ပြေးလွတ်မြောက်သည့် ဇာတ်လမ်းတစ်ပုဒ် ကြည့်ရဖွယ်ရှိသည်။

**ယခင်တစ်ခေါက် ယက်တော လာရောက်ခြင်းသည်ပင် ဥပဒေချိုးဖောက်မှုဖြစ်သည်။ ဒုတိယတစ်ခေါက် ထပ်လာသည်။ ဥပဒေချိုးဖောက်ပြီး အိမ်ခြံဝင်းထဲ ဝင်လာသူကို ဒေါ်စုကြည်က နေအိမ်တွင် နှစ်ညအိပ် လက်ခံထားခြင်း၊ အစားအသောက်များ ကျွေးမွေးပြုစုခြင်း၊ အိပ်ခန်းတစ်ခန်း ပေးထားကာ ဝတ်စရာပုဆိုးများ ပေးထားခြင်း၊ ယက်တော ရေကူးလာရ၍ ကြွက်တက်သည်ကိုပင် ပြုစုပေးခြင်း၊ လှမ်းအော်လိုက်လျှင်ပင် ကြားနိုင်ပါလျက် လုံခြုံရေးတာဝန်ကျများကို အသိမပေးဘဲ လျှို့ဝှက်လက်ခံထားခြင်း၊ ထိုဝင်း၊ ထိုအိမ်တို့သည် တားဆီးကန့်သတ်မိန့်(ဥပဒေဖြင့်) ထုတ်ပြန်တားမြစ်ထားမှန်းသိလျက် လာသူက လာ၊ လက်ခံသူက လက်ခံသည်။ ဥပဒေနှင့် မငြိပေဘူးလား။ ဒါလည်း ဒီမိုကရေစီရေး ကြိုးပမ်းမှုပဲလားဟု မေးခွန်းထုတ်ရပေတော့မည်။**

ယင်းအခြေအနေကို အများပြည်သူက စေ့စေ့တွေးမည်စိုးလာ၍ ပြည်တွင်း၊ ပြည်ပ ဘက်တော်သားများက ယက်တောဝင်လာနိုင်ခြင်းမှာ လုံခြုံရေးမကောင်း၍ဖြစ်သည်။ ဒေါ်စုကြည်အတွက် စိုးရိမ်ရသည်ဟု သံပြိုင်အော်လာသည်။ နေ့စဉ်ရက်ဆက် အော်လာသည်။ ၎င်းတို့ ဖုံးကွယ်ထားလိုသည်ကို ပြည်သူမမြင်၊ မတွေးမိအောင် လုံခြုံရေးအကြောင်း ပြချက်ဖြင့် ဖုံးကြဖိကြသည်။ ယက်တောသည် ဒေါ်စုအိမ်သို့ မေလ ၃ ရက်ည ရေကူးလာစဉ် ဒေါ်စုအိမ်နှင့် မဝေးလှသော ကိုရီးယားသံရုံးအနီး ရေပြွန်မှတစ်ဆင့် ရေသန့်ဘူးခွံအားပြုပြီး ရေကူးလာရောက်ခဲ့သည်။ ထိုခရီးမှာ မဝေးလှပေ။ သို့သော် ထိုခရီးတိုကိုပင် ယက်တော ကြွက်တက်ရသည်။ ဒေါ်စုကြည်တို့က နှစ်ရက်ကြာ ပြုစုခဲ့ရသည်။ အပြန်ခရီးတွင်မူ အင်းလျားကန်ကျယ်ကို ထောင့်ဖြတ်ကူးကာ IBCနှင့် အမေရိကန်သံမှူး နေအိမ်အနီးအထိ ကူးသွားနိုင်ပြီး ကြွက်မတက်သည်မှာ အံ့စရာပင်။ မည်သို့ပင်ဖြစ်စေ အမှုရယ်လို့ ဖြစ်လာလျှင် ဥပဒေအရ ရင်ဆိုင်ဖြေရှင်းရုံသာ ဖြစ်သည်။

**ယခုတော့ ပြည်တွင်း NLD ကလည်း သဲသဲလှုပ်၊ ထိုအမှုကို ကြွက်သေတစ်ခုပမာ အရင်းပြုလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်ရန် လုပ်လာသည်။ ပြည်ပကလည်း ဣန္ဒြေမဆည်နိုင်ဘဲ ဝင်ရောက်စွက်ဖက် ခြေရှုပ်လာသည်။ နိုင်ငံတိုင်းလိုလို၏ ဥပဒေများတွင် တရားရုံးမထီမဲ့မြင်ပြုမှုဟူသော အမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းထားကြသည်။ မှန်ကန်မျှတစွာ တရားစီရင်နိုင်ရန် တရားရုံးများကို ကာကွယ်ပေးသော ဥပဒေဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း တရားရုံးမထီမဲ့မြင်ပြုမှု (Comtemp of Court) အက်ဥပဒေရှိသည်။**

တရားရုံးကို မထီမဲ့မြင်ပြုခြင်းမှာ သုံးမျိုးရှိလေသည်။

(က) ရုံးတော်၏အသရေကို ဖျက်ခြင်း၊ ရုံးတော်၏အသရေကို ထိပါးအောင် ဝေဖန်ခြင်း၊ ရုံးမင်းရှေ့တွင် ဆောင်ရွက်ဆဲ မှုခင်းအသွားအလာကို မမှန်မကန် ဖော်ပြခြင်း၊ ရုံးမင်းကို ပြောင်လှောင်ရေးသားခြင်း၊ ရုံးသည် တရားစီရင်ရာ၌ မှန်မှန်ကန်ကန်စီရင်နိုင်လိမ့်မည်မဟုတ်ဟု စွပ်စွဲခြင်းတို့ အကျုံးဝင်သည်။

(ခ) ရုံးတော်၏ ဆောင်ရွက်ချက်ကို နှောင့်ယှက်ခြင်း၊ ရုံးတော်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မှုခင်းစစ်ဆေးသည်တို့ကို ဓာတ်ပုံရိုက်ခြင်း၊ တရားခံ၏ ရုပ်ရည်ကို မှတ်မိသည်၊ မမှတ်မိသည်ဟူသော ပြဿနာပေါ်သည့်အမှုတွင် ရုံးရှေ့ရောက်နေသော တရားခံ၏ဓာတ်ပုံကို ထည့်သွင်းခြင်း စသည်တို့ အကျုံးဝင်သည်။

(ဂ) စစ်ဆေးဆဲအမှုတွင် တစ်ဖက်သတ်စွဲလမ်းချက်ရှိအောင် ရေးသားခြင်း၊ ထိုစစ်ဆဲအမှုတွင် မည်သည့်ဘက်က နိုင်မည်၊ ရှုံးမည်ဟုရေးခြင်း၊ တရားခံလွတ်စရာ မည်သို့သောအကြောင်းရှိသည်၊ တရားခံထောင်ကျရန် မည်သို့သော အခြေအနေရှိသည် စသည်ဖြင့် ရေလာမြောင်းပေး ရေးသားခြင်း၊ တရားသူကြီး၏ တရားစီရင်မှုကို လမ်းကြောင်းပေးရာရောက်သည့် အရေးအသားမျိုး ရေးခြင်းတို့ အကျုံးဝင်သည်။

တစ်ချိန်က တရားရုံးတွင် စစ်ဆေးဆဲအမှုနှင့်ပတ်သက်၍ သတင်းစာအချို့၌ ရေးသားမှုများမှာ တရားရုံးကို မထီမဲ့မြင်ပြုရာရောက်၍ အရေးယူခံခဲ့ရဖူးပေါင်း များပေပြီ။ အမေရိကန်တရားရုံးများတွင် စစ်ဆေးသောအမှုအချို့၌ တရားသူကြီးက ဓာတ်ပုံရိုက်ခွင့်မပြုသဖြင့် သတင်းစာများက ပန်းချီရေးဆွဲဖော်ပြနေသည်ကို မကြာခဏ တွေ့ရပေသည်။ တရားခွင်၌ နှောင့်ယှက်သူများကို ရဲက ဆွဲထုတ်နေသည်များကိုလည်း တွေ့ခဲ့ရဖူးပေပြီ။

**ဒေါ်စုကြည်၊ ယက်တော၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့ အမှုသည် တရားရုံး၌ ဥပဒေအရ စစ်ဆေးဆုံးဖြတ်မည့်အချိန်တွင် မည်သူမဆို ဒေါ်စုကြည်တို့တွင် အပြစ်ရှိသည်ဟုလည်း ‘ချွန်’မပေးသင့်၊ အပြစ်မရှိ လွှတ်ကို လွှတ်ရမည်။ ဒေါ်စုကြည်အပါအဝင် နိုင်ငံရေးသမားအားလုံး လွှတ်ပေးဟုလည်း မည်သည့်ပါးစပ်ကမှ မပြောသင့်ပေ။ အထက်ဖော်ပြပါ တရားရုံးမထီမဲ့မြင်ပြုမှု အချက်(၃)ချက်ကို သေချာဖတ်ကြည့်ပါ။ ရုံးတော်က အမိန့်ချမစီရင်သေးသမျှ မည်သူ့တွင် အပြစ်ရှိသည်၊ အပြစ်မရှိဟု စကားဦးမသန်းသင့်ပေ။ ပါတီတစ်ခုကဖြစ်ရုံ၊ နိုင်ငံရေးသမားဖြစ်ရုံနှင့် ဘာပြစ်မှုကျူးလွန်ကျူးလွန် မဖမ်းနဲ့၊ ထောင်မချနဲ့ဟု ပြော၍မရနိုင်။ No man is above the Law ဆိုသော ဥပဒေသအရ မည်သူမှ ဥပဒေအထက်တွင်မရှိ။ Crime does not pay ရာဇဝတ်ဘေး ပြေးမလွတ်ဟူသော စကားအတိုင်းပင်၊ ဥပဒေချိုးဖောက်မိလျှင် တရားဆိုင်၊ တရားရုံးအဆုံးအဖြတ် နာခံကြရုံသာရှိသည်။ ဤသို့မှလည်း နိုင်ငံတွင် ဥပဒေစိုးမိုးကာ ရပ်ရွာအေးချမ်းသာယာပေမည်။ ပြစ်မှုကျူးလွန်၍ ထောင်ကျနေရသော နိုင်ငံရေးလုပ်နေသူ၊ ပါတီတစ်ခုခုတွင် ပါဝင်သူများကိုသာ နိုင်ငံရေးအကျဉ်းသားအဖြစ် ပြန်လွှတ်ပေးနေမည်ဆိုလျှင် ထောင်ကျတရားခံ(ခိုးမှု၊ တိုက်မှု၊ လုယက်မှု၊ လူသတ်မှု စသည့် ပြစ်မှုစုံထောင်ကျ)များက ပါတီတစ်ခုခုသို့ဝင်ကြ၊ ပါတီရင်ထိုး ရင်ဘတ်တွင် ထိုးကြဖြင့် ၎င်းတို့ကိုပါ လွှတ်ပေးရန် တောင်းဆိုကြပေတော့မည်။**

နမ့်ခမ်းဆေးရုံကြီးတွင် ဆရာဝန်လုပ်ရင်း၊ ခရစ်ယာန်သာသနာပြုရင်း သောင်းကျန်းသူများကို မြှောက်ပေးခဲ့သည့် ကချင်စစ်ဗိုလ် နော်ဆိုင်းအား တောခိုအောင် အားပေးသည့် အမေရိကန်သူလျှို ဂေါ်ဒွန်ဆီးဂရေ့ဗ်အား နော်ဆိုင်းအမှုကြောင့် ဖဆပလအစိုးရက ဖမ်းဆီးရုံးတင်စစ်ဆေးခဲ့သည်။ ထိုစဉ်ကလည်း အမေရိကန် Time မဂ္ဂဇင်းက မြန်မာတရားလွှတ်တော်ချုပ်က တရားသူကြီးတွေ ဥပဒေမှ နားလည်ရဲ့လားဟု မြန်မာ့တရားစီရင်ရေးကို ပုတ်ခတ်ရေးသား စော်ကားခဲ့ဖူးပေသည်။ ယခုလည်း လုပ်နေကြပြန်ပြီ။ ဆီးဂရေ့ဗ်ကို သက်သက်ညှာညှာဖြင့် ထောင်ဒဏ် ဖလ အပြစ်ပေးစီရင်ခဲ့သည်။ နမ့်ခမ်းသို့ ပြန်မသွားရဟုလည်း အမိန့်ထုတ်ခဲ့သည်။

**မှန်ကန်မျှတသော တရားစီရင်ရေးကို လိုလားလျှင် တရားရုံးမထီမဲ့မြင်ပြုမှုကိုလည်း မကျူးလွန်နှင့်။ နိုင်ငံကြီးသားပီသစွာ တရားရုံးအဆုံးအဖြတ်ကို နာခံ။ ခြိမ်းခြောက်ခြင်း၊ မတော်သြဇာလွှမ်းမိုးရန် ကြံစည်ခြင်းတို့ကိုလည်း မလုပ်သင့်ကြပေ။ တရားခံဘက်မှ အားပေးရန်၊ သို့မဟုတ် တရားလိုဘက်မှအားပေးရန် သြဇာအရှိန်အဝါ၊ ဂုဏ်သိမ် အရှိန်အဝါသုံးဖို့ မည်သူမျှ ဝင်မပါ၊ ဝင်မရှုပ်သင့်ပေ။ ဥပဒေချိုးဖောက်ကာ ဂိုဒေါင်ဖောက် လုယက်၊ လူလုချင်းခေါင်းဖြတ် စသည်ဖြင့် ဥပဒေမဲ့၊ မင်းမဲ့စရိုက်လွှမ်းမိုးခဲ့သော ရှစ်လေးလုံး တိုင်းဆူပြည်ဖျက်လှုပ်ရှားမှုကြီးက ဥပဒေစည်းဖောက်လျှင် နိုင်ငံပျောက်နိုင်သည့် သင်ခန်းစာပေးခဲ့ပြီးပေပြီ။ ဥပဒေလိုက်နာ- ဘေးကင်းကွာ။** ။

## ● ရှေ့ဖုံးမှ

ရွှေကျင်မြို့ကား ရွှေကျင်မြို့ဟု အမည်မတွင်သေးဘဲ 'ဆတ်တစ်'ရွာဟု အမည်တွင်ခဲ့သည်။ ရွှေကျင်ဒေသမှာ ပင်လယ်ရေမျက်နှာပြင်အထက် ၉၆ပေတွင် တည်ရှိပြီး အရှေ့ရိုးမ တောင်ကုန်းတောင်တန်းကြီးများဖြင့် သာယာလှပနေသော ဒေသတစ်ခုဖြစ်သည်။ ရွှေကျင်မြို့သို့ရောက်သည်ဆိုလျှင် **"ရွှေကျင်မြို့မှ ကြိုဆိုပါ၏"** ဟူသော မြို့အဝင် ဆိုင်းဘုတ်ကြီးနှင့် မန္တလေးမြို့ ကျုံးမြို့ရိုး အထင်ကရ အထိမ်းအမှတ်ပုံစံမျိုးနှင့် ဟိုးယခင်ကတည်ဆောက်ထားသည့် ရှေးမြန်မာအနုပညာလက်ရာများဖြင့် မြို့အဝင်မုခ်ဦးကြီးအား ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစွာ အခန့်သားတွေ့ရသည်။

ရွှေကျင်မြို့သည် ပဲခူးတိုင်း ပဲခူးခရိုင်တွင်ပါဝင်သော မြို့နယ်တစ်ခုဖြစ်သည်။ ရွှေကျင်မြို့နယ်သည် ရန်ကုန်မြို့၏ အရှေ့မြောက်ဘက် ၁၁၁မိုင်၊ တောင်ငူမြို့၏ အရှေ့တောင်ဘက် ၈၉မိုင် ၄ဖာလုံ၊ ရန်ကုန်-မန္တလေး ပြည်ထောင်စုကားလမ်းမကြီး ညောင်လေးပင်လမ်းခွဲမှ ၁၂မိုင် ၅ဖာလုံအကွာ အရှေ့ရိုးမ တောင်စွယ်ပေါ်တွင်တည်ရှိသော မြို့နယ်ဖြစ်သည်။ မြို့နယ်၏ အရှေ့ဘက် ၁၇မိုင်အကွာ ကရင်ပြည်နယ် ဖာပွန်မြို့နယ်၊ အနောက်ဘက်တွင် နှစ်မိုင်အကွာ ညောင်လေးပင်၊ ကျောက်တံခါး၊ ဝေါမြို့နယ်များ၊ တောင်ဘက်တွင် ၂၃မိုင်အကွာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်များ၊ မြောက်ဘက်တွင် ၂၃မိုင်အကွာ ကျောက်ကြီးမြို့နယ်တို့ ဆက်စပ်နေသည်။ မြို့နယ်၏ အကျယ်အဝန်းမှာ ၉၄၅ ဒသမ ၄၄ စတုရန်းမိုင်ရှိသည်။

### မီးမျှောပွဲ

မြန်မာနိုင်ငံတစ်ဝန်း၌ ဒေသအလိုက်ကျင်းပဆင်နွှဲသည့် ပွဲတော်များအနက် ပဲခူးတိုင်း ရွှေကျင်မြို့နယ် ရွှေကျင်မီးမျှောပူဇော်ပွဲသည်လည်း နာမည်ကျော်ကြားလှပါသည်။ တစ်ဆယ့်နှစ်ရာသီ ပွဲတော်များအနက် ရွှေကျင် သီတင်းကျွတ်မီးမျှောပူဇော်ပွဲမှာ ဒေသအတွင်းသာမက မြန်မာနိုင်ငံ အရပ်ရပ်သို့ပင် ပျံ့နှံ့ကျော်ကြားပါသည်။

စာရေးသူသည် အဆိုပါ ဖွံ့ဖြိုးတိုးတက်နေသော ရွှေကျင်မြို့နယ်သို့ ညောင်လေးပင်မြို့မှတစ်ဆင့် မကြာမီက သွားရောက်လေ့လာခဲ့သည်။ သတင်းအဖွဲ့ ရွှေကျင်မြို့သို့ ရောက်ရှိချိန်တွင် ရွှေကျင်မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းဦးနှင့် တွေ့ဆုံကာ သိလိုသည်များမေးမြန်းခဲ့သည်။

### စိုက်ပျိုးရေး

ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖြစ်သူ ဦးသိန်းဦးက မြို့နယ်၏ ဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ "ရွှေကျင်မြို့နယ်မှာ ရပ်ကွက်ရှစ်ရပ်ကွက်ရှိပါတယ်။ ကျေးရွာအုပ်စု ၃၁အုပ်စုနှင့် ကျေးရွာပေါင်း ၈၂ ရွာရှိပြီး လူဦးရေအနေနဲ့ ၈၆၂၁၆ဦး ရှိပါတယ်။ မြို့နယ်မှာ ၂၀၀၈-၂၀၀၉ မိုးစပါး စိုက်ပျိုးပြီးစီးမှု ၅၀၇၇၈ဧကနှင့် နွေစပါးဧက ၃၀၀၀ လျာထားခဲ့ရာ ၃၁၄၆ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသအတွင်း ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုဖြင့် လျာထားချက် စိုက်ဧကထက် ပြည့်မီကျော်လွန်စွာ ၁၅၈၇၄ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးမှုကတော့ ၂၂၄၉ ဧက စိုက်ပျိုးပြီး ဆီထွက်သီးနှံအဖြစ် နေကြာ ၂၃၂၄ဧက၊ ဆောင်းနှမ်း ၃၀၁၂ ဧက၊ ပန်းနှမ်း ဧက၂၀၀၊ ဆောင်းမြေပဲ ၁၁၀၈၉ဧက၊ တောင်ယာ မိုးမြေပဲ ၁၂၁၄ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့၍ ယခုနှစ် တောင်ယာမိုးမြေပဲ စိုက်ပျိုးမှုကတော့ ၂၄၆၆၆ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ဒေသ၏သီးနှံစိုက်ပျိုးမှုကို ရှင်းပြသည်။

**"နွေစပါးဧက ၃၀၀၀ လျာထားခဲ့တာ ၃၁၄၆ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်"**
ဦးသိန်းဦး
ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

**ရွှေကျင်မြို့ လက်လှည့်အိတ်ချိန်းအဆင့်မှ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းဆီသို့ တစ်ဆင့်တိုးမြှင့် မိုက္ကရိုဝေ့ဗ်တာဝါတိုင်နှင့်အတူ ဤသို့တည်ဆောက်ဖွင့်လှစ်ပေးထားသည်။**
(မြန်မာ့အလင်း)

### ကျန်းမာရေး

ရွှေကျင်မြို့နယ်ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်ပြီး တိုးတက်ပြောင်းလဲလာမှုများကို ရှင်းပြရာတွင် "အရင်တုန်းက ဒီမြို့နယ်မှာ (၁၆)ခုတင်ဆံ့ဆေးရုံပဲရှိတာ၊ ဒါပေမယ့် နိုင်ငံတော်အစိုးရက ခုတင်(၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ်ကြီးကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၇ရက်နေ့မှာ တည်ဆောက်ဖွင့်လှစ် ပေးနိုင်ခဲ့ပြီး (၁၆) ခုတင်ဆံ့ ဒုံဇရစ်တိုက်နယ် ဆေးရုံတစ်ရုံ၊ ပုဂ္ဂလိကဆေးခန်းသုံးခန်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ မြို့မမိခင်နှင့်ကလေး ကျန်းမာရေးဌာန၊ အနာကြီးရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာနတို့ကိုလည်း ဖွင့်လှစ်ကုသပေးလျက်ရှိပါတယ်။ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးမှာလည်း အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ အလုံအလောက်ရှိပြီး ခေတ်မီအဆင့်မြင့် ခွဲစိတ်ကိရိယာနှင့် ဓာတ်မှန်၊ ဓာတ်ခွဲခန်း၊ အရေးပေါ်လူနာဌာန၊ လူနာဆောင်နှစ်ဆောင်၊ ဆေးဝါးကုသဆောင်နှင့် ခွဲစိတ်ကုသဆောင်၊ ကလေးကုသဆောင်၊ မီးယပ်သားဖွားကုသဆောင်၊ ခွဲစိတ်ခန်းမကြီးနှင့် သားဖွားခန်း၊ အစည်းအဝေးခန်းမ၊ ဆေးရုံကြီးရုံးခန်း၊ ငှက်ဖျား၊ တီဘီ၊ အနာကြီးရောဂါတိုက်ဖျက်ရေးရုံးခန်းများနဲ့ ပြည့်ပြည့်စုံစုံ ထားရှိပေးခဲ့သည့်အတွက် ဒေသနေပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အလမ်းဟာ ယခင်ကနှင့်မတူ တိုးတက်ပြောင်းလဲလာခဲ့ပြီ"ဟု ဆက်လက်ရှင်းပြသည်။

### ပညာရေး

အလားတူ ပညာရေးကဏ္ဍမှာဆိုရင်လည်း "ရွှေကျင်မြို့နယ်အတွင်း အထက်တန်းကျောင်းနှစ်ကျောင်း၊ အထက်တန်းခွဲကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲနှစ်ကျောင်း၊ အလယ်တန်းကျောင်း(တွဲ)တစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၅ ကျောင်း၊ မူလတန်းကျောင်း ၅၉ကျောင်း၊ မူလတန်းကြိုကျောင်း နှစ်ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း သုံးကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပို့ချပေးနေတဲ့အတွက် ဒေသပညာရေးအဆင့်အတန်း မြင့်မားလာပြီဖြစ်ပါတယ်"ဟု ၄င်းက ရှင်းပြသည်။

**ပဲခူးတိုင်း ရွှေကျင်မြို့ မန္တလေးနန်းတော် နန်းမြို့ရိုးပုံစံတူ မြို့အဝင် ကြိုဆိုမုခ်ဦးကလည်း ရှေးမြန်မာအနုပညာလက်ရာ အလှအပများဖြင့် မြို့၏ ဂုဏ်ပုဒ်ကို ဖော်ကျူးနေသယောင်။**
(မြန်မာ့အလင်း)

### ဆက်သွယ်ရေး

ဆက်သွယ်ရေးကဏ္ဍအနေဖြင့်လည်း ရွှေကျင်မြို့တွင် ယခင်လက်လှည့် အိတ်ချိန်းဖုန်းသာ အသုံးပြုနိုင်ခဲ့ရာ ယခု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ခေတ်မီ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း ရုံးသစ်ကို ၂၀၀၅ခုနှစ် ဧပြီလ ၁ရက်တွင် ဖွင့်လှစ်ပေးခဲ့၍ အော်တိုတယ်လီဖုန်းအလုံး ၅၅၉ လုံးအထိ အသုံးပြုသုံးစွဲနေကြောင်းနှင့် ဒုံဇရစ်ကျေးရွာ၊ ကွမ်းဆိပ်ကျေးရွာ၊ ဘောကထာကျေးရွာများတွင်လည်း ကျေးလက်ဖွံ့ဖြိုးမှု တယ်လီဖုန်းများ ထားရှိပေးထား၍ ကျေးလက်နေပြည်သူများ ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ နိုင်ငံတော်၏စေတနာနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနကအကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှု ကြောင့်မည်သည့် အရပ်ဒေသမဆို ဆက်သွယ်ရေးကွန်ရက် ချိတ်ဆက်မိခဲ့၍ ရွှေကျင်မြို့နယ်လုံးအနှံ့ တယ်လီဖုန်းသံတညံညံဖြင့် ပျံ့လွင့်နေတော့သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်လည်း စင်စစ် ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့မှာ စစ်တောင်းမြစ်၏ ဟိုမှာဘက်ကမ်းနှင့် သည်မှာဘက်ကမ်းရှိ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် မြို့နှစ်မြို့ဖြစ်၍ တစ်မြို့နှင့်တစ်မြို့ အနေနီးနေသော်လည်း ရေစီးသန်သော စစ်တောင်းမြစ်က ပိုင်းခြားထားသဖြင့် တစ်ချိန်သောအခါက တစ်မြို့နှင့်တစ်မြို့ လှေတစ်တန်၊ လှည်းတစ်တန်ဖြင့် ကူးလူးရသည့် အခြေအနေမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် **"တိုင်းရင်းသားများချစ်ကြည်ရေး၊ ပြည်ထောင်စုလမ်းများဖောက်လုပ်ပေး"** ဟူသော ဆောင်ပုဒ်နှင့်အညီ လမ်းတံတားများကို တိုင်းနှင့်ပြည်နယ်အဝန်း အကြားအလပ်မရှိ ကွန်ရက်ပမာ ဖြန့်ခင်းတည်ဆောက်ပေးရေး စီမံချက်အရ မဒေါက်မြို့နှင့် ရွှေကျင်မြို့တို့ကို တားဆီးထားသော စစ်တောင်းမြစ်ကိုဖြတ်၍ အရှည်ပေ၁၅၀၀ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် လူသွားလမ်းတစ်ဖက်လေးပေစီရှိသော သံကူကွန်ကရစ်အမျိုးအစား စစ်တောင်းတံတား၊ (ရွှေကျင်-မဒေါက်)ကို ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်က တည်ဆောက်ဖွင့်လှစ် ပေးနိုင်ခဲ့သည်။ ယခုအခါ ဤတံတားကြီးကို ဖြတ်သန်း၍ မော်တော်ယာဉ်များ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ရွှေကျင်မှ မဒေါက်နှင့် ညောင်လေးပင်မြို့လမ်းခွဲ ရန်ကုန်-မန္တလေးကားလမ်းမကြီးသို့ တိုက်ရိုက်ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ ထို့အတူ ရွှေကျင်မြို့နယ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကလည်း ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်း၊ မြေသားလမ်းများကို ပြုပြင်ပေးခြင်းနှင့် အသစ်ဖောက်လုပ်ပေးမှုများ ပြုလုပ်ပေးနိုင်ခဲ့၍ မြို့တွင်းလမ်းများသာမက ကျေးလက်လမ်းများလည်း ယခင်ကနှင့်မတူ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာခဲ့သည်။

**ပဲခူးတိုင်း ရွှေကျင်မြို့၏ အသစ်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော အထွေထွေရောဂါကုဆေးရုံကြီး ခုတင်-၁၀၀ဆံ့ အဆောက်အအုံကို ဤသို့ တွေ့ခဲ့ရသည်။**
(မြန်မာ့အလင်း)

### ကဏ္ဍ အသီးသီး

ဤသို့အားဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်း ရွှေကျင်မြို့နယ်၏ တိုးတက်ပြောင်းလဲလာသော မြင်ကွင်းများသည်ကား အံ့မခန်းဖြစ်ရတော့သည်။ နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအတွက် ဖြည့်ဆည်းပေးနေသည့် ဆောင်ရွက်ချက်များကား နိုင်ငံတစ်ဝန်းလုံး လက်ညှိုးထိုးမလွဲဖြစ်လေရာ ထိုအနက်မှ ပဲခူးတိုင်း ရွှေကျင်မြို့သည်လည်း အခြားမြို့နယ်များကဲ့သို့ တစ်ချိန်ကနှင့်မတူ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးစသော ကဏ္ဍအသီးသီးတွင် ဖြစ်ပေါ် တိုးတက်မှုအသစ်များ ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာလျက်ရှိပါကြောင်း သတင်းမြင်ကွင်းအဖြစ် ကွင်းဆင်းစေ့ငု ရေးသားလိုက်ရပါကြောင်း။ ။

**(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၇၁ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်**
**(ဥပုသ်နေ့)**
**၂၉-၇-၂၀၀၉ ရက်(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၂၀ ၂။ အဂ္ဂဇယမင်္ဂလံ ယဉ်ဝေထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ
၈:၂၅ ၈။ International News
၈:၃၀ ၉။ Islands of Dhamma
၈:၄၀ ၁၀။ ဘဒ္ဒန္တဇောတိပါလ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
နိုင်ငံတော်သြဝါဒါစရိယတွဲဖက် ရွှေကျင်သာသနာပိုင် သီရိမင်္ဂလာကြခတ်ဝိုင်း ကျောင်းတိုက် ပဲခူးမြို့ ပဲခူးတိုင်းထံမှ
နဝင်္ဂဥပေါသထ
သီလခံယူဆောက်တည်ခြင်း
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ သီချင်းကြီးပဒေသာ
၄:၃၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၄၀ ၅။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဋ္ဌမအကြိမ်ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၄၊ မင်္ဂလာတောင်ညွန့်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၅:၀၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု)(သင်္ချာ)
၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၈။ တေးဂီတအစီအစဉ်
၅:၃၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၄၀ ၁၀။ စုပေါင်းတေးသံရှင် ရွေးချယ်ပွဲ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ မြန်မာ့ရိုးရာခလေ့လက်ဇွေ့
၆:၅၀ ၁၄။ **တားဆီးကာကွယ် လူတုပ်ကွေး အန္တရာယ်**
၆:၅၅ ၁၅။ အဆိုပြိုင်ပွဲ
၇:၀၀ ၁၆။ ထုထည်ကြီးမားထင်ရှားဧကန်ဓမ္မရုံ
၇:၁၀ ၁၇။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၃၀ ၁၈။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်စုံသဘင်)(မဟာဗုဒ္ဓဝင်တောထွက်ခန်း)(တတိယဆု) (စစ်ကိုင်းတိုင်း)
၂၃။ မင်းကွန်းဆရာတော်၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၄။ အစီအစဉ်ပြီး၏။

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

## တမူးမြို့တွင် ခြင်ဆေးဖျန်း

တမူး ဇူလိုင် ၂၈

တမူးမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် တားဆီးရေးအတွက် တမူးမြို့ပေါ်လေးရပ်ကွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို စီမံချက်ဖြင့် ဆောင်ရွက် လျက်ရှိရာ ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

## တီးတိန်မြို့နယ်၌ ပန်းအလှပင်စိုက်ပျိုး

တီးတိန် ဇူလိုင် ၂၈

တီးတိန်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများသည် မြို့တွင်း ကျောက်စီ နံရံများ၊ လမ်းဘေးဝဲ/ယာ တစ်လျှောက်နှင့် လွတ်လပ်ရေးကျောက်တိုင်ကျောက်စီနံရံ များတွင် ဒေသပန်းအလှပင်များကို ဇူလိုင် ၂၇ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးလျန်ကျင့်ခိုင် ဦးဆောင်၍ စိုက်ပျိုးလျက်ရှိရာ အမှုဆောင်အရာရှိ ဦးဝှန့်ပြင်းထန် ကြီးကြပ် လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူအား ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူအား ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူအား ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**

ယင်းသို့ တွေ့ဆုံရာ၌ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ဆောင်ရွက် လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ ရာထူး ရွေးချယ်မှု၊ လေ့ကျင့်သင်တန်းပေးနေမှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ဆွေးနွေးကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တွင် တည်ထောင်ထားရှိသည့် နိုင်ငံ့ ဝန်ထမ်း သင်တန်းဆရာများအတွက် လေ့ကျင့် သင်ကြားရေး၊ အာဆီယံ လူ့စွမ်းအား ဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများအကြား ဝန်ထမ်းရေးရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦး၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်း ရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသ ဆိုင်ရာ စီးပွားရေးနှင့် လူမှုဆက်ဆံရေး ကော်မရှင် အမှုဆောင်အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer နှင့်အတူ မြန်မာ နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး Mr. Ramesh Shrestha နှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## စာကြည့်တိုက်နှစ်ပတ်လည်နှင့် စာစီစာကုံးဆုပေးပွဲ လက်ပံတန်း၌ကျင်းပ

လက်ပံတန်း ဇူလိုင် ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း)လက်ပံတန်းမြို့ (၁)လမ်းရှိ ကိုယ့်အားကိုယ်ကိုး Open Mind စာကြည့်တိုက် နှစ်နှစ်ပြည့် နှစ်ပတ် လည်အခမ်းအနားနှင့် လူငယ်နှင့် စာပေ လေ့လာမှု၊ ပညာမြင့်မှလူမျိုးမြင့်မည် စာစီ စာကုံးပြိုင်ပွဲ ဆုပေးပွဲကို ဇူလိုင် ၁၇ရက် နံနက် ၁၀နာရီက မြို့နယ်မီးသတ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်လတ်၊ မြို့နယ်ပညာရေးမှူး ဦးစိန်မောင်ဝင်းနှင့် အထက်တန်း၊ အလယ်တန်း ကျောင်းတို့မှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆုချီးမြှင့်**

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာ ရေးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့က အမှာစကားပြောကြားကြပြီး စာကြည့်တိုက် ကော်မတီဝင် ဦးဝင်းသိန်းက စာကြည့်တိုက် သမိုင်းကြောင်းနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပ ရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ဆုရ ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အား မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ် ပညာရေးမှူးတို့က ဆုများချီးမြှင့် ပေးအပ် ကြသည်။ (၁၇၅)

### မှတ်သားဖွယ်ရာမိုးရေချိန်

၂၈-၇-၂၀၀၉

| | |
|---|---|
| ပလက်ဝ | ၄ ဒသမ ၉၂ လက်မ |
| ကျောက်တော် | ၄ ဒသမ ၅၇ လက်မ |
| မချမ်းဘော | ၄ ဒသမ ဝ၆ လက်မ |
| ညောင်လေးပင် | ၃ ဒသမ ၅၀ လက်မ |
| မြောက်ဦး | ၃ ဒသမ ၁၅ လက်မ |
| ကျောက်ပန်းတောင်း | ၀ ဒသမ ၁၈ လက်မ |

## ကမ္ဘာနှင့်မြန်မာ့စီးပွားရေးလောကတွင် အရေးပါလာသည့်အာမခံ ဆွေးနွေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

တူးဒေးစာအုပ်တိုက်ထုတ် စီအီးအို မဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာနှင့် မြန်မာ့စီးပွားရေးလောက၌ အရေးပါလာ သည့် အာမခံဆွေးနွေးဟောပြောပွဲကို ဇူလိုင် ၂၅ရက်(စနေနေ့)က မန္တလေးမြို့ Mandalay Swan ဟိုတယ်၌ ကျင်းပ သည်။

**ပံ့ပိုးကူညီပေး**

ဆွေးနွေးပွဲတွင် မြန်မာ့အာမခံ လုပ်ငန်းမှ အထွေထွေမန်နေဂျာဒေါက်တာ မောင်မောင်သိမ်းက ဟောပြောပြီး **(အပေါ်ပုံ)** စီအီးအို မဂ္ဂဇင်းကို ဖတ်ရှုနေသူ များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြ ကြောင်းနှင့် City Mart နှင့် Pan တို့က ပံ့ပိုးကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စံ(၅)ရပ်နှင့် ပြည့်စုံသော စာကြည့်တိုက်များဖြစ်ရေး ဆွေးနွေး

မော်လမြိုင် ဇူလိုင် ၂၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန မော်လမြိုင်ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဦးသည် ဇူလိုင် ၁၇ရက် နံနက် ပိုင်းက မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကွပ်သဲ ကျေးရွာတွင် ဝယ်လန်း၊ ကုလားဘီ၊ ဖံဖ၊ မရမ်း၊ ချောင်းဆုံတိုးချဲ့ရပ်၊ ချောင်းဆုံ အရှေ့ရပ်၊ ချောင်းဆုံအနောက်ရပ်၊ ခရိုက်သစ်၊ ပုရစ်ကလေးကျေးရွာ စာကြည့်တိုက် မှူးများနှင့်တွေ့ဆုံ၍ စံ(၅)ရပ်နှင့်ညီသော စာကြည့်တိုက်များဖြစ်ပေါ်ရေး ဆွေးနွေး သည်။ **(အောက်ပုံ)**

ယင်းနေ့ နေ့လယ်ပိုင်းတွင် အလားတူ ဆွေးနွေးပွဲကို ရွာလွတ်ကျေးရွာ စာကြည့် တိုက်၌ ရွာလွတ်၊ ညောင်လန်း၊ နီးမှုတ်၊ စော်ကဲ၊ မုခနီး၊ ကလော့၊ ကမနင်း၊ တော်ကနာ၊ ကမာပို၊ ကြံခင်း၊ ကွပ်ရိုက် ကျေးရွာများမှ စာကြည့်တိုက်မှူးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိ သည်။ **(မြို့နယ်ပြန်/ဆက်)**

## ခြင်ဆေးဖျန်း

မြိတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဦးစီးအရာရှိ ဦးဖစုနှင့်အဖွဲ့ ဝန်ထမ်းများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျောင်း များ၌ ခြင်ခိုအောင်းနိုင်သောနေရာများ၊ ရေမြောင်းများကို ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

(သတင်းစဉ်)

## ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေး နှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဆိုတာ ဘာလဲ။

ဖြေ။ ။ ရာသီအလိုက်တုပ်ကွေး၊ ကြက်ငှက်တုပ်ကွေး၊ ဝက်တုပ်ကွေး စသည်ဖြင့် တုပ်ကွေးရောဂါ အမျိုးမျိုး ရှိပါသည်။ ယခုဖြစ်ပေါ်နေသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ယခင် တုပ်ကွေးရောဂါ များနှင့်မတူဘဲ ရောဂါအသစ်အဆန်းတစ်ခုဖြစ်ပါသည်။ မြောက်အမေရိက ဝက်တုပ်ကွေး၊ မြောက်အမေရိက ကြက်ငှက်တုပ်ကွေး၊ ရာသီလူတုပ်ကွေးနှင့် အာရှ-ဥရောပ ဝက်တုပ်ကွေးတို့ ပေါင်းစပ်ထားသော **New Influenza A(H1N1)** ဗိုင်းရပ်စ်ပိုးအသစ်ဖြစ်ပါသည်။ လူမှလူသို့ လျင်မြန်စွာ ကူးစက်လျက်ရှိပါသည်။ လူအများသို့ ကူးစက်ပြီး နိုင်ငံတကာသို့ ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားနေသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ (**Human Influenza Pandemic**) အဆင့်အဖြစ် ၂၀၀၉ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

မေး။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လိုကူးစက်နိုင်ပါသလဲ။

ဖြေ။ ။ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ပါသည်။ လူနာချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ ရောဂါဖြစ်သူ၏ ချွဲ၊ သလိပ်၊ ခန္ဓာကိုယ်အရည်၊ အသုံးအဆောင် ပစ္စည်းများကို ကိုင်တွယ် ထိတွေ့ခြင်းမှသော်လည်းကောင်း ကူးစက်နိုင်ပါသည်။

မေး။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၏ လက္ခဏာတွေကို ဘယ်လို သိရှိနိုင်ပါသလဲ။

ဖြေ။ ။(က) ယေဘုယျအားဖြင့် ရာသီတုပ်ကွေးရောဂါ လက္ခဏာများနှင့် ဆင်တူပြီး အောက်ပါလက္ခဏာ များ ရှိတတ်ပါသည်-

- အဖျားရှိခြင်း (အပူချိန် ၃၈˚ C)၊
- နှာရည်ယိုခြင်း၊ နှာချေခြင်း၊
- ချောင်းဆိုးခြင်း၊
- လည်ချောင်းနာခြင်း၊
- ကိုယ်လက်ကိုက်ခဲခြင်း၊
- ခေါင်းကိုက်ခြင်း၊
- အစားအသောက်ပျက်ခြင်း
- တစ်ခါတစ်ရံတွင် ပျို့အန်ခြင်းနှင့် ဝမ်းသွားခြင်း စသည်တို့ ဖြစ်တတ်ပါသည်။

(ခ) ရောဂါပြင်းထန်လာလျှင် အောက်ပါလက္ခဏာများကို တွေ့ရှိ နိုင်ပါသည်-

- အဖျားကြီးလွန်းခြင်း (အပူချိန် ၃၈˚C အထက်ရှိခြင်း)၊
- ချောင်းအလွန်ဆိုးခြင်း၊ မောခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း၊
- အသက်ရှူကျပ်ခြင်း၊ အသက်ရှူခက်ခဲခြင်း၊
- ဂနာမငြိမ်ဖြစ်ခြင်း၊
- သတိလစ်ခြင်း၊
- ထိုသို့ဖြစ်လျှင် ကျန်းမာရေးစောင့်ရှောက်မှု အမြန်ဆုံးခံယူသင့်ပါသည်။

■ *ကျော်ဖုံးမှ*

နေပြည်တော်မှမန္တလေးသို့မော်တော်ယာဉ်ဖြင့်သွားကာ မန္တလေးတွင် တစ်ညအိပ်ပြီး နောက်တစ်ရက်နံနက်၌ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် မြစ်ကြီးနားသို့ ခရီးဆက်ခဲ့ခြင်းဖြစ်သည်။ မြစ်ကြီးနားလေဆိပ်၌ လေယာဉ်ခေတ္တရပ်နားကာ ခရီးသည်အတင်အချပြုလုပ်ပြီးနောက် ပူတာအိုသို့ဆက်ထွက်ခဲ့ရာ ပူတာအိုလေဆိပ်ရောက်တော့ မွန်းလွဲခါစပင်ရှိသေးသည်။

ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့ကို ကျောက်ကတ္တရာဖြင့် ညှိလွှာခင်းခြင်း၊ လေယာဉ်ပြေးလမ်း လမ်းပခုံးပြုပြင်ခြင်းနှင့် သုံးလက်မထု နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

### သာယာကြည်နူးဖွယ်

ရန်ကုန်မှာမွေး၍ ရန်ကုန်မှာ ကြီးပြင်းခဲ့ရသူ တစ်ဦးအနေဖြင့် ဝေးလံခေါင်ဖျားသော မြန်မာပြည်မြောက်ပိုင်းမှ ပူတာအိုမြို့သို့ ရောက်ဖြစ်လိမ့်မည်ဟု မျှော်လင့်မထားမိခဲ့ပါချေ။ အမှန်တကယ် ရောက်ဖြစ်သောအခါ စိတ်ထဲ၌ အိပ်မက်ပမာဖြစ်နေပြီး ကြည်နူးမှုမှာ ပြောမပြတတ်အောင်ပင်။ သာယာကြည်နူးဖွယ်ရာ ရှုမျှော်ခင်းများကို မြင်တွေ့ရပြီး အေးချမ်းတည်ကြည်ဖော်ရွေသော ဒေသခံတိုင်းရင်းသားများနှင့် ရင်းနှီးခင်မင်ခွင့်ရသောအခါ ပူတာအိုမြို့ကလေးကို ချစ်ခင်သွားမိပြီး မပြန်ချင်အောင် ဖြစ်ခဲ့ရသည်။

ပူတာအိုသို့ရောက်ပြီး နောက်တစ်ရက်နံနက်တွင် ကောင်းမှူလုံစေတီတော်သို့အသွား လမ်းဘေးဝဲယာမှ တိုင်းရင်းသားရိုးရာ အိမ်များကိုကြည့်ရင်း “လျှို့ဝှက်သောနှင်း” ရုပ်ရှင်ဇာတ်ကားကို ပြန်လည်သတိရလာသည်။ “လျှို့ဝှက်သောနှင်း” ရုပ်ရှင်ဇာတ်ကားထဲက ဇာတ်ဝင်ခန်းအများစုကို သည်နေရာတွေမှာရိုက်ခဲ့တာဟု ဒေသခံတစ်ဦးက ရှင်းပြသည်။

ပူတာအိုမြို့နယ် ထငါဒမ်းကျေးရွာအနီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် မလိခမြစ်ကူး (ကောင်းမှူလုံ)ဂျစ်ကားကူး ကြိုးတံတားလုပ်ငန်းခွင်ကိုလည်း လေ့လာခွင့်ရခဲ့သည်။

မလိခမြစ်ကူး (ကောင်းမှူလုံ) ဂျစ်ကားကူးကြိုးတံတားသည် သံကူကွန်ကရစ်အုတ်မြစ်သံပေါင်ချိတ် ဘေလီကြိုးတံတားအမျိုးအစားဖြစ်ပြီး အရှည်ပေ ၇၀၀၊ အကျယ် ကိုးပေ ဖြစ်သည်။ တံတားပြီးစီးပါက ပူတာအို-ထငါဒမ်း-ကောင်းမှူလုံ-နန့်ခမ်း-မချမ်းဘော-နောင်မွန်းတို့ကို ကားလမ်း တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဟု သိရသည်။

မလိခမြစ်ကူး(ကောင်းမှူလုံ) ဂျစ်ကားကူး ကြိုးတံတားဆောက်လုပ်နေမှုကို လေ့လာပြီး နောက်စက်ရေယာဉ်ငယ်များဖြင့် မလိခမြစ်တစ်ဖက်ကမ်းရှိ မချမ်းဘောမြို့နယ် ကောင်းမှူလုံကျေးရွာအနီး တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းသမိုင်းဝင် ကောင်းမှူလုံစေတီတော်သို့ သွားရောက်ပြီး ဖူးမြော်ကြည်ညိုခွင့်ရခဲ့သည်။

ကောင်းမှူလုံစေတီတော်မှ ပြန်ထွက်လာသောအခါ ပတ်ဝန်းကျင်တွင် နှင်းထုကွဲပြီဖြစ်သော်လည်း အအေးဓာတ်က မလျော့သေးချေ။ အနွေးထည်ဝတ်ထားသည့်ကြားက အအေးဓာတ်ကို ရင်ဘတ်အတွင်းကပင် ခံစားနေရသည်။

ပူတာအိုမြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်း၌ ဒေသခံတိုင်းရင်းသူများ ဤသို့လေ့လာ သင်ယူကြရသည်။ (သတင်းစဉ်)

ပူတာအိုမြို့၏ သန့်ရှင်းသပ်ရပ်သော မြို့တွင်းလမ်းနှင့် ရုံးအဆောက်အအုံများကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

### သာယာလှပမှု

မလိခမြစ်ကြောင်းအတိုင်း စက်ရေယာဉ်ငယ်များဖြင့် ထွက်ခွာလာကြရာ မြစ်ကြောင်း ဝဲယာတစ်လျှောက် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပမှုများကို တဝကြီး ကြည့်ရှုခံစားရသည်။

မချမ်းဘောမြို့နယ်သို့ စုန်ဆင်းခဲ့ခြင်းဖြစ်ရာ တစ်နာရီကျော်ကျော် စက်ရေယာဉ်စီးရသည့် အရသာမှာ ပြန်တွေးရုံနှင့် ရင်ထဲမှာကြည်နူးရသည်။ ဧရာဝတီမြစ်ဟူ၍ ဖြစ်ပေါ်ရန် မေခမြစ်နှင့် မပူးပေါင်းသေးသော မလိခမြစ်ကြောင်းအတိုင်း စုန်ဆင်းရသည့် အတွေ့အကြုံမှာ တန်ဖိုးမဖြတ်နိုင်ပါချေ။ ကမ်းပါးတစ်လျှောက် ပေါက်ရောက်နေသော သစ်ပင်ဝါးပင်များကြားမှ တစ်ချက်တစ်ချက် တွန်ကျူးအော်မြည်လိုက်သော ကျေးငှက်သာရကာများ၏ အသံကလည်း အလှပေါ်တွင် အယဉ်ဆင့်ဆိုသလို ပြည့်စုံညီညွတ်သော သန္တရသ ပန်းချီကားတစ်ချပ် ဖြစ်သွားစေသည်။

### မလိခမြစ်ရေ

မလိခမြစ်ရေက ကြည်လင်အေးမြသလောက် မြစ်ကြောင်းအတိုင်း အစာရှာထွက်နေကြသော ရေပျော်ငှက်များကလည်း ငြိမ်းငြိမ်းချမ်းချမ်း ရှိလှသည်။ အချို့နေရာများတွင် မြစ်ကြောင်းကျဉ်းမြောင်း၍ ရေစီးသန်လှရာ စက်ရေယာဉ်မောင်းသမား၏ ကျွမ်းကျင်မှုကြောင့်သာ အခက်အခဲမရှိ ခရီးဆက်နိုင်ခြင်းဖြစ်သည်။ မြစ်ကြောင်းတိမ်ပြီး သောင်ထွန်းနေသော မြစ်ကမ်းပါးတစ်လျှောက် အာလူးကျောက်များကို အရွယ်အစားအမျိုးမျိုးတွေ့ရသည်။ အာလူးကျောက်များထဲတွင် အဖိုးတန်ကျောက်စိမ်းတုံးလေးများပါလေမလားဟု တွေးရင်း ပြုံးမိသေးသည်။

### မချမ်းဘော

မချမ်းဘောမြို့ကလေး၌ စက်ရေယာဉ်ဆိုက်ကပ်သောအခါ ကမ်းပါးအမြင့်ကြီးကို လမ်းကျဉ်းကျဉ်းလေးအတိုင်း တက်ရသဖြင့် အပေါ်ရောက်သောအခါ အသက်ပြင်းပြင်းရှူကြရသည်။ မချမ်းဘောမြို့ကလေးသည် တိတ်ဆိတ်ငြိမ်သက်လှသည်။

မြို့လယ်က ကုန်စုံဆိုင်မှာ ဂရိတ်ဖရုတ်စ်လုံးဝယ်၍သောက်ရာ အရသာရှိလှသဖြင့် လန်းဆန်းပြီး အမောပြေသွားသည်။ ဂရိတ်ဖရုလှိုင်လှိုင်ပေါသော အချိန်ဖြစ်ရာ တစ်လုံးကို ကျပ်တစ်ရာသာ ပေးရသည်။ နံနက်စာကို ဂူဘားရိပ်သာ၌စားပြီး ဂူဘားရိပ်သာ ဧည့်သည်တော်မှတ်တမ်း၌ အမှတ်တရရေးဖြစ်ခဲ့သည်။ ဂူဘားရိပ်သာ ဧည့်သည်တော်မှတ်တမ်းသည် နှစ်ပေါင်းများစွာအတွင်း မချမ်းဘောသို့ ရောက်ရှိလာကြသူများက အမှတ်တရ စာများရေးခဲ့ကြရာ စိတ်ဝင်စားဖွယ်ရာ မှတ်တမ်းများဖြစ်နေပေသည်။ မချမ်းဘောမြို့နယ်သည် ရောက်ရှိရန် ခက်ခဲသောဒေသဖြစ်၍ မြစ်ကြီးနား၌ နေထိုင်သူများပင်လျှင် အရောက်အပေါက် နည်းလှသည်။

မချမ်းဘောမှ ပူတာအိုသို့ အပြန်ခရီးတွင် မချမ်းဘောမြို့နယ်နှင့် ပူတာအိုမြို့နယ်မှ နောင်ခိုင်ကျေးရွာတို့ကို ဆက်သွယ်သည့် မလိခကြိုးတံတားပေါ်မှ ခြေကျင်လျှောက်၍ ကူးရသည်မှာလည်း စိတ်လှုပ်ရှားစရာကောင်းလှသည်။ ပူတာအိုလွင်ပြင်ကိုလည်း မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုခွင့်ရရှိရာ မျက်စိတစ်ဆုံး ကျယ်ပြောသည့် လွင်ပြင်ကြီးဖြစ်သည်။

### အထက်ဆန်ဂေါင်ရွာ

ပူတာအိုရောက်ပြီး တတိယမြောက်နေ့ နံနက် ၇နာရီတွင် အထက်ဆန်ဂေါင်ကျေးရွာသို့ ထွက်ခဲ့ကြသည်။ နံနက်ခင်းနေကောင်းစွာမမြင်ရသေး၍ အအေးဒဏ်ကို သိသိသာသာ ခံစားရသည်။ လေတိုးမည်စိုး၍ ကားမှန်ကို မဖွင့်ရဲလောက်အောင်ပင်။ ပူတာအို-မန်စေခွန်-ဇီယာဒမ်းလမ်းသစ်နှင့် ပူတာအို-ဆန်ဂေါင်-ဇီယာဒမ်းလမ်းဟောင်း အခြေအနေကို လေ့လာခွင့်ရကြသည်။ ပူတာအိုခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ပူတာအို-မန်စေခွန်-ဇီယာဒမ်းလမ်းကို ဖုန်ကန်ရာဇီအထိ ရောက်အောင်ဖောက်လုပ်ရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။

အထက်ဆန်ဂေါင်ကျေးရွာနှင့် အောက်ဆန်ဂေါင်ကျေးရွာများရှိ ရွာသူရွာသားများမှာ အလွန်ဖော်ရွေကြပြီး လူနေမှုဘဝပုံစံမှာ ရိုးစင်းအေးဆေးလှပေသည်။

အောက်ဆန်ဂေါင်ကျေးရွာမှ အပြန် ဒါဂူရီဇားကျေးရွာနှင့် နမ့်ဘောင်ကျေးရွာတို့ကို ဆက်သွယ်သည့် အရှည်ပေ ၂၅၀ရှိ ဒါဂူရီဇား ဂျစ်ကားကူး ကြိုးတံတားနှင့် ဒါဂူရီဇားကျေးရွာနှင့် မန်စေကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည့် အရှည်ပေ ၁၅၀ရှိ မန်စေဂျစ်ကားကူး ကြိုးတံတားတို့ကို ခြေကျင်လျှောက်၍ ဖြတ်သန်းခဲ့ကြသည်။ ဂျစ်ကားတစ်စီးစာ အကျယ်ရှိ၍ ဂျစ်ကားကူး ကြိုးတံတားဟု ခေါ်ဆိုကြောင်း သိရသည်။

### အားကိုးအားထား

ပူတာအိုနှင့် ကြိုးတံတားမှာ ခွဲခြား၍ မရဟုပင် ပြောနိုင်သည်။ ပူတာအိုနှင့် အနီးတစ်ဝိုက်မှ ကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးအတွက် ကြိုးတံတားများကို အားကိုးအားထားပြုနေရသည်။ အချို့ကြိုးတံတားများမှာ နှစ်ကာလကြာညောင်း၍ ကြံ့ခိုင်မှုလျော့နည်းလာရာ တံတားကြံ့ခိုင်မှုအတွက် တာဝန်ရှိသူများက ပြန်လည်ပြုပြင် ထိန်းသိမ်းမှုများ ဆောင်ရွက်ရန် စီစဉ်နေသည်။

ပူတာအိုရောက်ပြီး စတုတ္ထမြောက်နေ့တွင် မြစ်ကြီးနားသို့ ခရီးဆက်ရန် ပူတာအို-ဆွမ်ပရာဘွမ်-မြစ်ကြီးနား လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် နံနက်စောစော ထွက်လာခဲ့ကြသည်။

### မူလာရှီဒီး

ပူတာအိုရောက်လျှင် သွားသင့်သောနေရာတစ်ခုမှာ မူလာရှီဒီးကျေးရွာမှ မလိခဟိုတယ်နှင့် မူလာရှီဒီး ကြိုးတံတားတို့ပင်ဖြစ်သည်။ မူလာရှီဒီးကျေးရွာမှာ ပူတာအို-ဆွမ်ပရာဘွမ်လမ်းဘေးတွင် တည်ရှိ၍ တကူးတကန့် သွားစရာ မလိုတော့ချေ။ မလိခဟိုတယ်၌ ခေတ္တဝင်ရောက် အနားယူကာ ပတ်ဝန်းကျင်အနေအထားကို လေ့လာခွင့်ရခဲ့ပြီး မူလာရှီဒီးကြိုးတံတားပေါ်မှ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကာ ပတ်ဝန်းကျင် သာယာလှပမှုများကို တဝကြီး ကြည့်ရှုခံစားနိုင်ခဲ့သည်။

ပူတာအိုတွင် သုံးညအိပ်၊ လေးရက် နေထိုင်ခဲ့ရသည်မှာ ထိုစဉ်က ဘာမှမကြာလိုက်ဟုထင်ရသည်။ ယခုအခါ ထိုခရီးစဉ်အကြောင်း ပြန်လည်စဉ်းစားခန်းဝင်သောအခါ အတွေးမျှင်တန်းတို့က တစ်စပြီး တစ်စ မဆုံးနိုင်အောင် ဖြစ်ရသည်။ ရေးစရာတို့ကလည်း တစ်ပုံတစ်ပင်။

မြန်မာပြည်မြောက်ဖျားမှ ပူတာအိုမြို့ကလေးသည် မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်လှပ ဝေဆာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီး ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များကို နွေးထွေးစွာ လက်ကမ်းကြိုဆိုလျက်ရှိသည်။ အခါအခွင့်သင့်လျှင်ဖြင့် ပူတာအိုကို တစ်ခေါက်တစ်ခါ အရောက်သွားသင့်ကြပါကြောင်း။ ။

**(သတင်းစဉ်)**

ပြည်တွင်း၊ ပြည်ပဧည့်သည်များကို လက်ကမ်းကြိုဆိုနေသော ပူတာအိုလေဆိပ်ရှိ လေဆိပ်အဆောက်အအုံကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

**မြန်မာပြည်မြောက်ဖျားမှ ပူတာအို မြို့ကလေးသည် မြို့ပြအင်္ဂါရပ်နှင့် အညီ သန့်ရှင်းသပ်ရပ်လှပဝေဆာ သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများရရှိနေပြီး ပြည်တွင်း၊ ပြည်ပမှ ခရီးသွား ဧည့်သည်များကို နွေးထွေးစွာ လက် ကမ်းကြိုဆိုလျက်ရှိ။**

## ထူးဆန်းထွေလာ ဤကမ္ဘာ

ဆန်းသစ်တီထွင်မှုသည် လူသားတို့၏ တိုးတက်ရာတိုးတက်ကြောင်း တစ်ရပ်ဖြစ်သည်။ သို့သော် တိုးတက်သည်ဖြစ်စေ၊ မတိုးတက်သည်ဖြစ်စေ အသစ်အဆန်း၊ အမြင်ဆန်းကို တွေ့လိုမြင်လိုသည်က လူ့သဘာဝ။ သို့ကြောင့်ပင်-



### လန်ဒန်မြို့မှ ပဒေသာ အချက်ပြလမ်းမီးတိုင်

ဤမြင်ကွင်းမှာကား ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ပဒေသာအချက်ပြလမ်းမီးတိုင်ဖြစ်သည်။ မီးတိုင်တစ်ခုတည်းမှာပင် အချက်ပြမီးပေါင်း ၇၅ခုရှိပြီး အမြင့်မှာ ရှစ်မီတာရှိသည်။(**အပေါ်ပုံ**) **(အင်တာနက်)**

**မောင်မောင်မြင့်ဆွေ**

**စုစည်းတင်ပြသည်**

### ဟန်ချက်ညီညီ မထားသည့် ဆင်ရုပ်

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ဆင်ခံ့အဆောက်အအုံဖြစ်သည်။ ဆင်နှာမောင်းဖြင့် မြေကြီးကို ထောက်ကာ ဆင်ခြေနှစ်ဖက်ဖြင့် အမိုးကို ဟန်ချက်ညီညီမထားသည့်ပုံ ဖြစ်သည်။ အမြင့်ကီလိုမီတာ ၁၈၀၀၀ အထိ ကမ္ဘာမြေကြီး၏ ဆွဲငင်အားကို ဆန့်ကျင်အန်တုတည်ဆောက်ထားခြင်းဖြစ်သည်။(ယာပုံ) (အင်တာနက်)

### ကမ္ဘာလှည့်တို့အား ဆွဲဆောင်ရာ ကားရုပ်တုများ

ဗြိတိန်ကျွန်းမှ ကျောက်ခေတ်၊ ကြေးခေတ်က အမှတ်တရ ကျောက်သားကျောက်တိုင်များကို အတုယူ၍ အမေရိကန်နိုင်ငံ နီဘရာစကာပြည်နယ် အလိုင်းယင့်အနီးမှ အမေရိကန် ဂန္ထဝင်ကားများဖြင့် တည်ဆောက်ကာ မီးခိုးရောင် သဘော်ဆေးမှုတ်ထားသည့် ပုံပါမြင်ကွင်းက ကမ္ဘာလှည့်ခရီးသည် အများအပြားကို တိုးမပေါက်အောင် ဆွဲဆောင်လျက်ရှိသည်။(**ဝဲပုံ**) **(အင်တာနက်)**

## မာရှယ်ကျွန်းများ သမ္မတနိုင်ငံ . . .

**သတင်းအက်ဆေး**

*မာရှယ်ကျွန်းများသမ္မတနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာဒေသတွင်တည်ရှိသည်။ ဤနိုင်ငံသည် သန္တာကျောက်တန်းစုနှစ်စုနှင့် ကျွန်းငယ်ပေါင်း ၁၀၀၀ကျော် ပါဝင်လျက် အီကွေတာ၏ မြောက်ဘက် ကပ်လျက်တည်ရှိသော နိုင်ငံဖြစ်သည်။ သန္တာကျောက်တန်းများမှာ မြုပ်နေသော မီးတောင်များ၏ နှုတ်ခမ်းများပေါ်၌ တင်ရှိနေသော သန္တာရွံ့နစ်များပင် ဖြစ်သည်။*

**သိမ်းပိုက်**

*ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် ဆယ်စုနှစ်များစွာ ဤကျွန်းများကို အမေရိကန်က သိမ်းပိုက်ထားသည်။ လက်ရှိ ကာလတွင်မူ ဤနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် လွတ်လပ်စွာ ဆက်သွယ်ရေးစာချုပ် ချုပ်ထားသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။*

**ကြေညာ**

*ခရစ်မပေါ်မီနှစ်၂၀၀၀ခန့်က ပထမဆုံး မိုက်ခရိုနီးရှားရေကြောင်းပြများ ဤကျွန်းများရှိရာသို့ ရောက်လာကြသည်။ သန္တာကျောက်တန်းများကို ဒို့ကျွန်းများဟု အမည်ပေးလိုက်သည်။ ၁၅၉၂ခုနှစ်တွင် စပိန်က ၎င်းတို့ပိုင်သည်ဟု ကြေညာသည်။ ၁၇၈၈ ခုနှစ်တွင် နယူးဆောက်ဝေးသို့ အကျဉ်းသားများ တင်ဆောင်လာသည့် ဗြိတိန်ရေတပ်ဗိုလ်မှူးကြီး ဂျွန်ဝီလျံမာရှယ် ဤဒေသအား ဖြတ်သန်းသွားသည်ကို အကြောင်းပြု၍ ဤကျွန်းများကို မာရှယ်ကျွန်းများဟု ခေါ်ဝေါ်သုံးစွဲလာသည်။*

**ထူထောင်**

*၁၈၆၄ခုနှစ်တွင် ဂျာမနီနိုင်ငံက ပထမဆုံး ရောင်းဝယ်ရေး ကုမ္ပဏီ ထူထောင်သည်။ ၁၈၈၅ခုနှစ်တွင် မာရှယ်ကျွန်းများကို သိမ်းပြီး ၁၈၈၆ခုနှစ်တွင် အထိန်းသိမ်းခံနိုင်ငံ ထူထောင်သည်။*

**အစမ္ပရွှေ့ခိုင်း**

*၁၉၁၄ခုနှစ်တွင် ဂျပန်ကသိမ်းပိုက်ပြီး စစ်အခြေခံစခန်း သုံးလေးခုဖွင့်လှစ်သည်။ ၁၉၂၀ပြည့်နှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးက ဂျပန်ကို အုပ်ချုပ်ခွင့်ပေးသည်။ ၁၉၄၄ခုနှစ်တွင် ဂျပန်လက်မှ အမေရိကန်က သိမ်းယူလိုက်သည်။ ၁၉၄၇ ခုနှစ်တွင် ကုလသမဂ္ဂ၏ အစောင့်ရှောက်ခံနယ်မြေဖြစ်လာပြီး အမေရိကန်က အုပ်ချုပ်သည်။ ၁၉၄၈ခုနှစ်တွင် ဒေသတွင်းအမေရိကန်၏ နျူကလီးယားလက်နက် စမ်းသပ်မှု အစီအစဉ်တိုးချဲ့မှုကြောင့် အေနီဗက်တာသန္တာကျောက်တန်းမှ ကျွန်းသူကျွန်းသားများကို အစမ္ပရွှေ့ခိုင်းသည်။ ၁၉၅၄ခုနှစ်တွင် ဘီကီနီသန္တာကျောက်တန်း၌ ဖောက်ခွဲသည့် ဘရာဗိုဗုံးမှာ အမေရိကန်တို့စမ်းသပ်သမျှ ဟိုက်ဒရိုဂျင်ဗုံးများအနက်အင်အားအကြီးဆုံးဖြစ်သည်။*

*၁၉၆၅ ခုနှစ်တွင် မိုက်ခရိုနီးရှား၌ အမေရိကန်ကအုပ်ချုပ်ရေးခိုင်မာစေရန်မိုက်ခရိုနီးရှားကွန်ကရက်ကိုထူထောင်သည်။*

**ပြန်လည်ရွှေ့ပြောင်း**

*၁၉၆၈ခုနှစ်တွင် ဘီကီနီသန္တာကျောက်တန်းမှ ရေဒီယိုသတ္တိကြွပစ္စည်းများဖယ်ရှားပစ်ရေးအတွက် ရေရှည်စီမံကိန်းတစ်ရပ် အမေရိကန်က ချမှတ်သည်။ ၁၉၇၀ပြည့်လွန် နှစ်များတွင် ကျွန်းသူကျွန်းသားများ ဘီကီနီသန္တာကျောက်တန်းသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လာနိုင်ပြီဟု ကြေညာသည်။ သို့သော် ၎င်းတို့၏ ကိုယ်ခန္ဓာတွင် အန္တရာယ်ရှိသည့် ရေဒီယိုသတ္တိကြွမှုအဆင့် တွေ့ရှိသဖြင့် ပြန်လည်ရွှေ့ပြောင်းနေထိုင်စေခဲ့ရသည်။*

**ရွေးချယ်**

*၁၉၇၃ခုနှစ်တွင် နိုင်ငံရေးလွတ်လပ်မှု ပိုမိုရရှိရန် မာရှယ်ကျွန်းများက မိုက်ခရိုနီးရှား ကွန်ကရက်မှ နုတ်ထွက်ခဲ့သည်။ ၁၉၇၉ခုနှစ်တွင် မာရှယ်ကျွန်းများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အစိုးရကို အမေရိကန်က အသိအမှတ်ပြုသည်။ အမာတာကာဘူးဝါးကိုသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။*

**စမ်းသပ်**

*၁၉၈၂ခုနှစ်တွင် ဤနိုင်ငံကို မာရှယ်ကျွန်းများ သမ္မတနိုင်ငံအဖြစ် တရားဝင်အမည် ပြန်လည်သတ်မှတ်သည်။ ၁၉၈၃ ခုနှစ်တွင် အမေရိကန်နှင့် လွတ်လပ်စွာ ဆက်သွယ်ရေးသဘောတူညီချက်ကို မာရှယ်ကျွန်းမှ မဲဆန္ဒရှင်များက အတည်ပြုသည်။ အမေရိကန်က ကာကွယ်ရေးကိုတာဝန်ယူပြီး မာရှယ်ကျွန်းများနိုင်ငံက အမေရိကန်ထံမှ ငွေကြေးအကူအညီနှင့် အခြားထောက်ပံ့မှုများ ရရှိသည်။ အမေရိကန်သည် ကွာဂျာလိန်းသန္တာကျောက်တန်းတွင် စစ်စခန်းထားရှိသည်။ ယခုအခါအရေးပါသောအမေရိကန် ဒုံးပျံကာကွယ်ရေးစနစ် စမ်းသပ်သည့် နေရာတစ်ခု ဖြစ်နေပေပြီ။*

**ကတိပြု**

*၁၉၈၆ခုနှစ် အောက်တိုဘာ ၂၁ရက်တွင် ဤနိုင်ငံကို လွတ်လပ်ရေးပေးသည့် အမေရိကန်နှင့် လွတ်လပ်စွာ ဆက်သွယ်ရေးစာချုပ်ကို အမေရိကန် ကွန်ကရက်က အတည်ပြုသည်။ ၁၉၄၀ပြည့်လွန်နှစ်များနှင့် ၁၉၅၀ပြည့်လွန်နှစ်များက နျူကလီးယား စမ်းသပ်မှုကြောင့် နစ်နာခဲ့ရသည်များအတွက် ကျွန်းသူကျွန်းသားများအား လျော်ကြေးပေးရန် ကတိပြုသည်။*

**လက်ခံ**

*၁၉၈၉ ခုနှစ်တွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဤနိုင်ငံ ရေအောက်မြုပ်သွားနိုင်ကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။ ၁၉၉၀ ပြည့်နှစ်တွင် ကုလသမဂ္ဂအစောင့်အရှောက်ခံဘဝမှ လွတ်မြောက်ခွင့်ပေးပြီး ၁၉၉၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် လက်ခံသည်။*

*၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် လွှတ်တော်ဥက္ကဋ္ဌဟောင်း လစ်တိုဝါတိုမီအင်းကို လွှတ်တော်က ထောက်ခံမဲ၁၈မဲ၊ကန့်ကွက်မဲ ၁၅မဲဖြင့် သမ္မတအဖြစ် ရွေးချယ်လိုက်သည်။*

**ပြဿနာ**

*ဤနိုင်ငံ၏အဓိကပြဿနာမှာ အမေရိကန်နိုင်ငံအပေါ် မှီခိုနေရမှုဖြစ်သည်။ ပို့ကုန်၊ သွင်းကုန်မညီမျှမှုနှင့် အလုပ်လက်မဲ့ ဦးရေများပြားမှုတို့သည်လည်း ပြဿနာဖြစ်သည်။ စိုက်ပျိုးရေးမှာလည်း ဝမ်းစာအတွက်သာ ဖြစ်သည်။*

*ခရီးသွားလုပ်ငန်းသည်သာ ဤနိုင်ငံ၏ အဓိက ထွက်ပေါက်ဖြစ်သည်။ ကမ်းခြေသောင်ယံများ၊ ကျွန်းများသည် ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းများဖြစ်သည်။ အခြားနိုင်ငံများအား ငါးဖမ်းခွင့်ပေးလျှင်လည်း စီးပွားရေး တိုးတက်လာမည်ဖြစ်သည်။ ။*

**ကိုးကား-အင်တာနက်**

**တိုး ရေးသားသည်**

**ခရီးသွားလုပ်ငန်းသည်သာ ဤနိုင်ငံ၏ အဓိက ထွက်ပေါက်ဖြစ်၊ ကမ်းခြေသောင်ယံများ၊ ကျွန်းများသည် ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းများဖြစ်၊ အခြားနိုင်ငံများအား ငါးဖမ်းခွင့်ပေးလျှင်လည်း စီးပွားရေး တိုးတက်လာမည်ဖြစ်။**

နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော အရှည်ပေ၁၂၀၀ရှိ ရွှေစင်လမ်း ကျောက်ချောခင်း ခြင်း လုပ်ငန်း ဆောင်ရွက် နေမှုကို ဇူလိုင်၁၀ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်ဇော်မိုးတို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်

ကျွန်းလှ ဇူလိုင် ၂၃

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး ဇူလိုင် ၃ရက် နံနက် ၁၀နာရီက ကုက္ကိုကုန်းအုပ်စု ကုက္ကိုကုန်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်းခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်က စီမံခန့်ခွဲရေးရာကိစ္စရပ်များ၊ အုပ်ချုပ်ရေးဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

**ဟောပြော**

ဆက်လက်ပြီး မြို့နယ်ဥပဒေအရာရှိ ဦးဇထွန်းငါးက တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး ကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးကျော်စိုးမင်းက ၂၀၀၉-၂၀၁၀ စီမံကိန်းသီးနှံများအောင်မြင်ရေး၊ မိုးစပါးစိုက်ပျိုးမှုအောင်မြင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် ဆောင်ရွက်မှုလုပ်ငန်းများ၊ ကျေးလက်သောက်သုံးရေရရှိရေး လုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်မွေး/ကု ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်သောင်းက ကျွဲ၊ နွားများ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါကာကွယ်ကုသမှုနှင့် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းသိန်းက ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီဖြစ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောဆွေးနွေးကြသည်။

**တက်ရောက်**

အခမ်းအနားသို့ ကုက္ကိုကုန်းကျေးရွာ အုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

## လူငယ်ဖွံ့ဖြိုးရေးဂေဟာဖွင့်

ဇူလိုင်၁၂ရက်က ကျင်းပသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာဖွင့်ပွဲ အခမ်းအနားတွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်နေ ဦးဘိုလေး-ဒေါ်မေရီ (လန်းဆန်းထွန်း ခရီးသွားလုပ်ငန်း)က အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းရာ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်စွာထွန်း လက်ခံယူစဉ်။ (၀၁၆)

## မင်းတပ်ခရိုင် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဆွေးနွေး

မင်းတပ် ဇူလိုင် ၁၅

မင်းတပ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဝန်ထမ်းများ၏ အသိဉာဏ်ပညာမြင့်မားရေး၊ စာပေဗဟုသုတများတိုးပွားရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို သိရှိစေရေးအတွက် နေ့စဉ်စာဖတ်ဝိုင်းကို ဇူလိုင်၈ရက် နံနက်၁၀နာရီက ဦးစီးအရာရှိရုံးခန်းမ၌ ကျင်းပသည်။

**ဖတ်ကြားဆွေးနွေး**

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက စာဖတ်ဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်နှင်းကြည်က ဇွန်၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာရေးဆရာ ဖေမြင့်၏ စာအုပ်စာပေ ဖတ်ရှုခြင်းသည် ဦးနှောက်မှာ အရင်းအနှီး မြှုပ်နှံခြင်းပါပဲ ဆိုသည့် ဆောင်းပါး၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးထန်းလောတမ်က ဇွန်၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ပညာတတ် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းရေး စာကြည့်တိုက်များက ဖြည့်ဆည်းစွမ်းဆောင် ခေါင်းကြီးပိုင်းနှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်မိုးမိုးသင်းက အခြေခံစာကြည့်တိုက် ပညာသင်တန်းမှတ်စုများ စာအုပ်မှ စာကြည့်တိုက်ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲရေး စသည်တို့ကို ဖတ်ကြားဆွေးနွေးကြသည်။

ယင်းနောက် ဝန်ထမ်းများ၏ တင်ပြဖတ်ကြားချက်များအပေါ် ခရိုင်ဦးစီးအရာရှိက မြို့ငုံသုံးသပ်၍ ပြန်လည်ဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

## မိုင်းဖြတ်၌ တိုးတက်ရေးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မိုင်းဖြတ် ဇူလိုင် ၁၈

မိုင်းဖြတ်မြို့နယ် နန့်နန်းကျေးရွာအုပ်စု နန့်နန်း(ရှမ်း)ရွာ တိုးတက်ရေးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၅ရက် နံနက်၁၀နာရီခွဲက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးယာထုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(**အောက်ပုံ**)

**ဟောပြောဆွေးနွေး**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက စာဖတ်သည့်အကျိုးကျေးဇူးနှင့်ပတ်သက်၍လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်၍ လည်းကောင်း ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက စာအုပ်မျိုးစုံ ၂၀၊ မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်သိန်းက မဂ္ဂဇင်းစာအုပ် ၂၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဒုတိယဦးစီးမှူးဦးသန်းဇော်ဦးကဒို့ကျေးရွာဂျာနယ်တစ်နှစ်စာ၊ ဓာတ်ပုံကျွမ်းကျင်-၂ ဦးစိုင်းယွန်းခမ်းနှင့် လုပ်သားရုပ်သံ ဦးဇက်လာတူးတို့ကမဂ္ဂဇင်းစာအုပ်၃၀တို့ကိုပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးယာထုက လက်ခံယူသည်။ (ခရိုင် ပြန်/ဆက်)

## ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပုလဲမြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

*ပုလဲ ဇူလိုင် ၂၂*

*ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကို ဇွန် ၅ရက်က လယ်ငေါက်-ချင်ပြစ်လမ်း မိုင်တိုင်အမှတ် (၄/၅မှ ၄/၆)၌ ကျင်းပသည်။*

*ရှင်းလင်း*

*အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက စိုက်ပျိုးမည့်သစ်ပင်များကို ဖြန့်ဝေပေးပြီး ဆက်လက်ထိန်းသိမ်းရမည့် တာဝန်ပေးအပ်လွှာကို ပုပ္ပါကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်ထွန်းသို့ ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးဝင်းမြင့်က သစ်ပင်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။*

*စိုက်ပျိုး*

*ထို့နောက် သစ်ပင်စိုက်ပျိုးပွဲကို တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပုပ္ပါ၊ မောင်းတုံ၊ ပုထိုးသာရွာသစ်နှင့် ဇီးဖြူကုန်းကျေးရွာများမှ ပြည်သူများက ကုက္ကို ၄၀၀၊ မဲဇလီ ၄၀၀၊ အော်ရေးရှား ၄၀၀၊ တမာ ၄၀၀နှင့် ကျွန်း၄၀၀ စုစုပေါင်း အပင် ၂၀၀၀၀ကို စိုက် ပျိုးကြသည်။* *(မြို့နယ် ပြန်/ဆက်)*

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စက်ပြင်အလုပ်ရုံမှတီထွင်ထုတ်လုပ်ထားသည့်လက်တွန်းမြက်ဖြတ်စက်များကို မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်ကရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် အောင်မေတ္တာရပ်ကွက်ရှိ ဆရာစံလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ချောလမ်းခင်းခြင်းကို ဇွန်၉ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းတို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးက ရှင်းလင်းတင်ပြစဉ်။ (၁၂၃)

## ပခုက္ကူစည်ပင် ခြင်ဆေးဖျန်း

*ပခုက္ကူ ဇူလိုင် ၁၅*

*ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးတွင် ဇူလိုင် ၂ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာ လက်ထောက်အင်ဂျင်နီယာ ဦးဇော်လင်းနိုင် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင်က ကွင်းဆင်းကြီးကြပ်ပေးသည်။* *(မြို့နယ်စည်ပင်)*

## ခြင်ဆေးဖျန်း

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို ဇွန် ၂ရက်က တောင်ခင်ကျေးရွာ၌ ဆောင်ရွက်ရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးလှိုင်လှိုင်ဦးနှင့် ငှက်ဖျားကြီးကြပ်ရေးမှူး ဦးစိုးလွင်တို့က ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

## ငွေချည်(၆)ဝါ စိုက်ပျိုးရေးပညာပေး

ကျွန်းလှ ဇူလိုင် ၁၅

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေးပညာပေးဟောပြောပွဲကို ဇူလိုင်၆ရက်က ထန်းပင်ကုန်းအုပ်စုနှင့်ကျီကုန်းအုပ်စုများ၌ကျင်းပရာ အခမ်းအနားတွင် ကျွန်းလှမြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်က ချည်မျှင်ရှည်ဝါ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးပြီး ဝါနှင့် ပိုးချည်လုပ်ငန်း ရွှေဘိုခရိုင် မန်နေဂျာဦးအေးသန့်နှင့် ကျွန်းလှမြို့နယ်မန်နေဂျာ ဒေါ်မြင့်မြင့်ရီတို့က ချည်မျှင်ရှည်ဝါ စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးနှင့် ပတ်သက်၍ အသီးသီးပညာပေးဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

# ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

## အမျိုးသမီးစက်ရုပ်တီထွင်

ဘာသာပြန်သတင်းမှတ်စု
မိုးမြင့်လင်းလက်

သက်ရှိ အမျိုးသမီးတစ်ဦးကဲ့သို့အမူအရာနှင့် လှုပ်ရှားသွားလာနိုင်သောစက်ရုပ်တစ်ရုပ်ကိုဂျပန်သိပ္ပံပညာရှင်များက ဇူလိုင် ၂၃ ရက်က ထုတ်လုပ်လိုက်ပြီဖြစ်သည်။

ပြသ

အိတ်ချ်အာရ်ပီ - 4C ဟု အမည် ပေးထားသော ယင်းအမျိုးသမီးစက်ရုပ်ကို ဂျပန်နိုင်ငံသိပ္ပံနှင့် နည်းပညာတက္ကသိုလ်မှ ပညာရှင်များက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းစက်ရုပ်၏ စွမ်းဆောင်မှုကို လာမည့်သီတင်းပတ်၌ တိုကျိုတွင် မီဒီယာများအား ပြသပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၃ ❐

## ကချင်ပြည်နယ် ပူတာအို၊ မချမ်းဘောနှင့် လွှမ်းမောဖွယ်နေ့ရက်များ

ပူတာအိုမြို့ မူလာရှီဒီးကျေးရွာအနီးရှိ မူလာရှီဒီးတံတားနှင့် ပတ်ဝန်းကျင် စိုပြည်သာယာလှပမှုကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း - ကျော်ဆွေမိုး (ပြန်/ဆက်)

➢ သတင်းမြင်ကွင်း - တင်ထွေး(သတင်းစဉ်)
➢ ဓာတ်ပုံမှတ်တမ်း - ကျော်ဆွေမိုး (ပြန်/ဆက်)
➢ စာမျက်နှာဖွဲ့စည်းမှု - မဝင့်မာသွင် (မြန်မာ့အလင်း)

**ရန်ကုန် ဇူလိုင် ၂၈**

“ကချင်ပြည်နယ်ကို လာပါ့…ပျော်တယ်…ပျော်တယ်နော့” ကချင်ပြည်နယ်သို့ ပထမဆုံးအကြိမ်ရောက်ဖြစ်ခဲ့သည့် ခရီးစဉ်အတွင်း အတူပါလာသော ဆရာသမားတစ်ဦး မကြာမကြာဆိုညည်းလေ့ရှိသော အထက်ပါ သီချင်းတစ်ပိုင်းတစ်စကို ပြန်လည်ကြားယောင်မိတိုင်း ကချင်ပြည်နယ်မနောမြေကို ထပ်မံသွားရောက်ချင်စိတ်များ တဖွားဖွားပေါ်လာမိသည်။

**လွှမ်းမောဖွယ်**

ကချင်ပြည်နယ်သို့ ပထမဆုံးအခေါက် ရောက်ဖြစ်ခဲ့သည်က ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ တတိယပတ်အတွင်းကဖြစ်သည်။ ခရီးစဉ်အစအဆုံး ၁၂ ရက်တိတိကြာမြင့်ခဲ့သော ထိုခရီးစဉ်မှာ ပင်ပန်းသမျှစိတ်ပျော်ရွှင်မှုရရှိခဲ့သဖြင့် ပြန်လည်တမ်းတ အောက်မေ့ချင်စရာ ခရီးတစ်ခုလည်းဖြစ်သည်။ ကချင်ပြည်နယ်အတွင်း အအေးပိုသောအချိန်ဖြစ်၍ အနွေးထည်ကို အချိန်ပြည့်ဝတ်ဆင်ခဲ့ရသည်ဖြစ်ရာ လွှမ်းမောဖွယ်ရက်များဟု ဆိုချင်ပေသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ■

**နေရာကွက်ကျား မိုးရွာမည်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါဖြစ်ပွားသည့် လူနာနှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါဖြစ်ပွားသူ စုစုပေါင်း ကိုးဦးရှိပြီဖြစ်

**နေပြည်တော် ဇူလိုင် ၂၈**

အိန္ဒိယသမ္မတနိုင်ငံမှပြန်လာသူ အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖျားသဖြင့် ဇူလိုင် ၂၇ ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ လူနာထံမှ ဓာတ်ခွဲနမူနာကိုရယူပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတွင် စမ်းသပ်စစ်ဆေးခဲ့ရာ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A(H1N1) ပိုးတွေ့ရှိရကြောင်း၊ အဆိုပါအမျိုးသမီးမှာ မြန်မာနိုင်ငံသို့ ဇူလိုင် ၂၀ ရက်က ခရီးစဉ်အမှတ် TG-303 ဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် ပြန်လည်ရောက်ရှိလာသူဖြစ်ကြောင်း သိရသည်။

**စောင့်ကြပ်ကြည့်ရှု**

လူနာနှင့်အတူနေ မိသားစုဝင်ငါးဦးအား နေအိမ်၌ပင်နေစေပြီး စောင့်ကြပ်ကြည့်ရှုခြင်း (Home Quarantine)ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူနာအမျိုးသမီးငယ်နှင့်အတူ စီးနင်းလိုက်ပါလာသည့် TG-303 လေယာဉ်စီး ခရီးသည် ၁၂၈ ဦးအား ၎င်းတို့နေထိုင်ရာ နေရာများသို့ သက်ဆိုင်ရာက တုပ်ကွေးရောဂါလက္ခဏာ ရှိ မရှိ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရှိရသည်။

**လွှဲပြောင်းပေး**

အလားတူ မလေးရှားနိုင်ငံမှပြန်လာသူ အသက်(၃၃)နှစ်အရွယ် အမျိုးသားတစ်ဦးတွင် အဖျားရောဂါလက္ခဏာများတွေ့ရှိရသဖြင့် လေဆိပ်ကျန်းမာရေးဌာနနှင့် မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့၏အစီအစဉ်ဖြင့် ဇူလိုင် ၂၇ ရက်တွင် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ လူနာထံမှ ဓာတ်ခွဲနမူနာကိုရယူပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတွင် စမ်းသပ်စစ်ဆေးခဲ့ရာ New Influenza A(H1N1) ပိုးတွေ့ရှိရကြောင်း၊ အဆိုပါအမျိုးသားမှာ မြန်မာနိုင်ငံသို့ ဇူလိုင် ၂၇ ရက်က ခရီးစဉ်အမှတ် 8M-502 ဖြင့် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၃ *